


# ဘယ်အခါမှ သတိမလစ်စေနဲ့
# နိဗ္ဗာန် ရောက်ပါတယ်

ဟောကြားသည့်နေ့
၂၉ - ၉ - ၁၉၅၄

၂၁၁

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော သစ္စာလေးပါးတရားတော် အမှတ်စဉ်(၃၇)မှ
ထုတ်နုတ်ပုံနှိပ်ပါသည်။

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ ဟောကြားတော်မူသောတရားတော်

# "ဘယ်အခါမှ သတိမလစ်စေနဲ့" နိဗ္ဗာန်ရောက်ပါတယ်

ဟောကြားသည့်နေ့ (၂၉-၉-၅၄ )

## သမ္မာသတိဆိုတာ

မှန်ကန်စွာ အောက်မေ့တာကို သမ္မာသတိလို့မှတ်ပါ . . . (မှန်ပါ) သမ္မာက မှန်ကန်စွာ။ သတိကအောက်မေ့တာ။ အောက်မေ့တယ်ဆိုတာ သတိရတာပဲ မြန်မာလိုပြောကြစို့ ဆိုလို့ရှိရင် . . .။ အဲဒီတော့ သမ္မာသတိဆိုတာ မှန်ကန်စွာ သတိရတာ မှန်ကန်စွာ အောက်မေ့တာလို့ မှတ်ထားပါ (မှန်ပါ)။

အဲဒီသမ္မာသတိသည် လောကီဥပမာ ပြောကြပါစို့ ဆိုလို့ရှိရင် ဝီရိယဟာ လွန်တာရှိတယ်။ သတိဟာ ဘယ်တော့မှ မလွန်ဘူးလို့ မှတ်ထားပါ။ လိုတာသာရှိတယ် . . . (မှန်ပါ)။

## သမာဓိလွန်ရင်ငိုက်လိမ့်မယ်

ဝီရိယဟာ လွန်လာလို့ရှိရင် ဝီရိယလွန်ရင် ဥဒ္ဓစ္စဖြစ်တယ်. . . (မှန်ပါ)။ ပညာလွန်ရင် ကောက်ကျစ်တဲ့ဘက်သွားတယ်။ သမာဓိဟာ လွန်တာရှိတယ်။ လွန်ရင် ထိနမိဒ္ဓဘက်ကူးသွားတယ်. . . (မှန်ပါ) အဲဒီတော့ကို လွန်တာလို့ မှတ်ထားကြပါ. . . (မှန်ပါ)။

## ဝီရိယလွန်ရင်စိတ်ပျံ့လွင့်မယ်

ဝီရိယဟာ လွန်တယ်။ လွန်ရင် ဥဒ္ဓစ္စဖြစ်သွားတာပဲ၊ ဝီရိယသိပ်စိုက်လိုက်ပြန်လို့ရှိရင်လည်း ဒကာ ဒကာမတို့ ဥဒ္ဓစ္စဘက်ပြေးတာပဲ၊ စိတ်ပျံ့လွင့်ပြီး ထွက်သွားတာပဲ. . . (မှန်ပါ) သမာဓိက သိပ်အားကောင်းနေတယ်ဆိုလို့ရှိရင် ဒကာ ဒကာမတွေ မပေါ့နဲ့တော့ ငိုက်လိမ့်မယ်။ ထိနမိဒ္ဓလာလိမ့်မယ်။ ကောသဇ္ဇဘက်ပြေးဝင်တယ်။

## ပညာလွန်ရင်ကောက်ကျစ်လိမ့်မယ်

ပညာဟာ သိပ်ပြီးလွန်နေပြန်လို့ရှိရင်လည်း ကောက်ကျစ်တဲ့ဘက် လှည့်သွားတတ်တယ်။ နားလည်ကြပလား. . . (နားလည်ပါပြီ)။

ဝီရိယလွန်ရင် ဘယ်သွားမယ် (ဥဒ္ဓစ္စဘက်သွားပါတယ်)။ ပညာလွန်ရင် (ကောက်ကျစ်တဲ့ဘက်သွားပါတယ်) သမာဓိလွန်ရင် ထိနမိဒ္ဓဘက်သွားပြီ. . . (မှန်ပါ)။

## သတိကတော့အလွန်မရှိဘူး

ယနေ့ဟောမည့် သတိဟာ သေသေချာချာမှတ်ပါ။ ဘယ်အခါကာလမှ အလွန်မရှိဘူးတဲ့။ အလိုသာရှိတယ်. . . (မှန်ပါ)။

ဒါဖြင့် သတိဟာ အမြဲတမ်း ခင်ဗျားတို့မှာ ဂရုစိုက်ပြီး သကာလ နေရလိမ့်မယ်ဆိုတာ အောက်မေ့ပါ. . . (မှန်ပါ) သူက ဘယ်လောက် သတိထားထား ပိုတယ်လို့ မရှိဘူး . . . (မှန်ပါ)။

## သတိဟာလိုတာသာရှိတယ်

ဒါကြောင့် အဋ္ဌကထာဆရာများက သတိဟာ ဘာနဲ့ တူသတုံးလို့ဆိုရင် သတိဟာ လိုတာသာရှိတာပဲ။ ပိုတယ်လို့ ဘယ်တော့မှ မရှိသောကြောင့် သတိမရှိပြီဆိုမှဖြင့် ဟင်းချက်တဲ့ ပုဂ္ဂိုလ်တွေမှာ ဘယ်လောက်ပင် ဝက်သား၊ ကြက်သားကောင်း ကောင်းမွန်မွန်ချက်ငြားသော်လည်း၊ ဆားမပါရင် အကုန် အရသာ ချို့ယွင်းပြီး ပျက်သကဲ့သို့၊ သတိမပါလို့ရှိရင်ဖြင့်

အားလုံးသော ဒကာ ဒကာမတို့မှာ ဘယ်နည်းနဲ့မှ မင်္ဂကိုမဆိုက် နိုင်ဘူး . . . (မှန်ပါ)။ မှတ်မိကြပြီလား. . . (မှတ်မိပါပြီဘုရား)။

## သတိဟာဆားနဲ့တူတယ်

ဟင်းချက်တဲ့ ပုဂ္ဂိုလ်မှာ ဘယ်ဟင်းချက်ချက် ဆား အရေးကြီးတယ်ဆိုတာ ခင်ဗျားတို့သိပြီးသားအတိုင်းဖြစ်ပါ လိမ့်မယ်. . . (မှန်ပါ) ဒီမှာလည်း ဝိပဿနာအလုပ်လုပ်တဲ့ ပုဂ္ဂိုလ်မှာ သတိမပါလို့ရှိရင် ဘယ်အလုပ်မှ ခရီးမရောက်ဘူး . . . (မှန်ပါ) အဲဒါကြောင့် သတိအရေးကြီးတယ်၊ သတိဟာ ဆားနဲ့တူတယ်ဆိုတာ မှတ်ထားကြပါ . . . (မှန်ပါ)။

## ဝိပဿနာလုပ်ရင်သတိအရေးကြီးတယ်

ဆားသည် ဟင်းချက်ရင် နေရာတိုင်းမှာ အရေးကြီး တယ် မဟုတ်လား (ကြီးပါတယ်) သတိဟာလည်း နေရာတိုင်း မှာ အလုပ်လုပ်တိုင်းမှာ ဝိပဿနာအလုပ်လုပ်တိုင်း လုပ်တိုင်း အရေးကြီးတယ်လို့ မှတ်ကြစမ်းပါ. . . (မှန်ပါ)။

သတိဟာ ဘယ်တော့မှ ပိုတယ်မရှိပါဘူးနော်။ လိုတယ် သာရှိတယ်လို့ မှတ်ရမယ် . . . (မှန်ပါ)။

## သတိသည်မမေ့မှုကိုဆိုသည်

အဲဒီတော့ ဒီသတိသည်ကားလို့ဆိုလို့ရှိရင်ဖြင့် မြန်မာလိုပြန်တော့ မမေ့မှုကိုဆိုသည်. . . (မှန်ပါ) အဲဒီသတိများလိုသွားမယ်ဆိုရင်ဖြင့် တစ်ခါတည်း မေ့မှုရောက်တာပဲ . . . (မှန်ပါ)။

မမေ့မှုချုပ်သွားရင် ဘယ်သူရောက်လာသတုံး (မေ့မှုရောက်လာပါတယ်) မေ့မှု အဝိဇ္ဇာ ရောက်လာတယ်လို့ မှတ်လိုက်ကြစမ်းပါ. . . (မှန်ပါ)။

သတိဟာ ဘယ်လောက်အရေးကြီးတယ်ဆိုတာ သတိကလေးမို့ လွတ်ကင်းလိုက်လို့ရှိရင်ဖြင့် မေ့တယ်ဆိုတဲ့ အဝိဇ္ဇာတစ်ခါတည်းရောက်လာတယ်. . . (မှန်ပါ)။ အဝိဇ္ဇာလာကတည်းကိုက ခင်ဗျားတို့လုပ်တဲ့ အလုပ်သည် ဘယ်အလုပ်မှ အမှန်မရောက်တော့ပါဘူးဆိုတာ သေသေချာချာဆုံးဖြတ်ချက်ချပါ. . . (မှန်ပါ)။ ဘယ်အလုပ်မှ မမှန်တော့ဘူး။

## ဝီရိယထက်ပိုပြီးအရေးကြီးတယ်

အဲဒီတော့ မေ့မှု - မမေ့မှု။ မမေ့မှုသည် ဒကာ ဒကာမတွေ သတိ. . . (မှန်ပါ)။ မေ့မှုသည် အဝိဇ္ဇာ. . . (မှန်ပါ)။ ကိုင်းမောင်ထွန်းလှိုင်တို့၊ မင်းတို့ဝီရိယထက် ပိုအရေးကြီးလာတာပေါ်လာတာပေါ့ကွာ. . . (မှန်ပါ)။ ဝီရိယထက် ပိုအရေးကြီးလာတယ် မောင်စိန်ထွန်း . . . (မှန်ပါ)။

သတိမရှိပြီ ဆိုမှဖြင့် မယုံလို့ရှိရင် ခင်ဗျားတို့ ကြက်သွန်ကလေးကို ခွားထက်ထက်နဲ့လှီးကြည့်ပါ။ လှီးကြည့်သည်နဲ့ တစ်ပြိုင်နက်တည်း သတိမပါရင် တစ်ခုခုတော့ထိခိုက်ရတော့မှာပဲ (မှန်ပါ)၊ ဘာလိုသွားတာတုံး (သတိလိုသွားပါတယ်)။

## သတိမရှိရင်အလွဲချည်းလုပ်တယ်

ဒါဖြင့် သတိလိုသည်နဲ့ တစ်ပြိုင်နက်တည်း လုပ်သည့်အလုပ်ဟာ အလွဲချည့်မှတ်လိုက်ပါ. . . (မှန်ပါ)၊ ဒကာသိုက်လုပ်သည့်အလုပ်ဟာ အလွဲချည့်နော်. . . (အလွဲချည့်ပါ)။

ဘာဖြစ်လို့ အလွဲချည့်ဖြစ်ရသတုံးဆိုတော့ သတိမရှိတော့ဘူး ဆိုလို့ရှိရင်ဖြင့် သတိဆိုတာ မမေ့မှု။ မေ့လျော့မှုဝင်လာလို့ပဲ . . . (မှန်ပါ)၊ သဘောကျပြီလား. . . (ကျပါပြီ)။

ဘယ်သူဝင်လာသတုံး. . . (မေ့လျော့မှု ဝင်လာပါတယ်ဘုရား)၊ မေ့လျော့မှုဝင်လာတယ်လို့ ဒကာ ဒကာမတွေကမှတ်ပါ. . . (မှန်ပါ)။

## နေရာတိုင်းမှာသတိလိုတယ်

အဲဒါကြောင့် သတိသည်ကားလို့ ဆိုလို့ရှိရင်ဖြင့် နေရာတိုင်းမှာလိုတယ်ဆိုတာ သဘောကျပြီလား (ကျပါပြီ)။

ဘယ်သူဝင်လာသတုံး. . . (မေ့လျော့မှု ဝင်လာပါတယ်ဘုရား) မေ့လျော့မှုဝင်လာတယ်လို့ ဒကာ ဒကာမတွေက မှတ်ပါ . . . (မှန်ပါ)။

အဲဒါကြောင့် သတိသည်ကားလို့ ဆိုလို့ရှိရင်ဖြင့် နေရာတိုင်းမှာလိုတယ်ဆိုတာ သဘောကျပြီလား. . . (ကျပါပြီ) သူလစ်သွားသည်နဲ့တစ်ပြိုင်နက်တည်း၊ သတိကလေး မပါသည်နဲ့ တစ်ပြိုင်နက်တည်း၊ သတိကလေး ငုတ်သည်နဲ့ တစ်ပြိုင်နက်တည်း အဝိဇ္ဇာဝင်လာတာပဲ (မှန်ပါ) အဝိဇ္ဇာဝင်လာလို့ရှိရင်ဖြင့် ဓားလှီးတာကအစ အမှားလှီးမယ်။ ဘာဖြစ်ဖြစ် လုပ်သရွေ့ အလုပ်ဟာ အမှားချည်းလုပ်တော့မယ်. . . (မှန်ပါ)၊ အမှားချည့်လုပ်တော့မယ်ဆိုတာ သေသေချာချာမှတ်ပါ။ ရှင်းကြပြီလား. . . (ရှင်းပါပြီ)။

ဒါဖြင့် မမေ့တာက ဘယ်သူပါလိမ့် (သတိပါဘုရား)၊ မေ့တာက. . . (အဝိဇ္ဇာပါဘုရား)၊ ဩော်. . . ဒါဖြင့် သတိချို့ယွင်းချက်ရှိလို့ရှိရင်ဖြင့် မဂ္ဂင်ရှစ်ပါးအကုန်ပျက် (မှန်ပါ)၊ မောင်စိန်သန်း အကုန်ပျက်ပြီ (မှန်ပါ)၊ မောင်ထွန်းလှိုင် ဘယ်လောက် အရေးကြီးသတုံး (ကြီးပါတယ်ဘုရား)။

## သတိလွတ်ရင် ဗိနပ်မှားတတ်တယ်

သတိအရေးကြီးလာပြီ ဒကာ ဒကာမတို့ (မှန်ပါ)၊ ဒေါ်ရွှေ. . . သတိအရေးကြီးလာပြီ (မှန်ပါဘုရား) သတိ

ကလေးလွတ်ပြီး သကာလ ခင်ဗျားတို့ ဖိနပ်လျှိုကြည့်ပါ။ သူများ ဖိနပ်ကို လျှိုမိလေရဲ့၊ ကိုယ့်ဖိနပ်ဆီကို ရောက်မှာ မဟုတ်ဘူး (မှန်ပါ)၊ သတိလွတ်ပကော. . . သတိလွတ်လို့ရှိရင်ဖြင့် ဖိနပ်မှားတာတွေ ခင်ဗျားတို့ မကြုံကြဘူးလား. . . (ကြုံပါတယ်)၊ အဲဒါ ဘယ်သူလွတ်သွားတာတုံး. . . (သတိလွတ်သွားတာပါ)။

အဲဒါ သတိလွတ်သွားကတည်းက အဝိဇ္ဇာနဲ့ ဖိနပ်ကို လျှိုပြီ. . . (မှန်ပါ)၊ ဒါကြောင့် သူများဖိနပ်စီးမိလျက်ကြုံတယ် . . . (မှန်ပါ)၊ ဒါတော်တာမတော်တာတောင် မသိသေးဘူး သတိလွတ်နေလို့ရှိရင် စီးသာသွားတာပဲ. . . (မှန်ပါ)၊ ကိုယ်စီးနေကျ ဖိနပ်တောင်ခြေခွင်ကျ၊ တူမတူမရွေးနိုင်ဘူး၊ သတိသာ လွတ်သွား။ မောင်ထွန်းလှိုင် သူများဖိနပ်ပေမယ့် စီးချင်စီးသွားတာပဲ. . . (မှန်ပါ) ဒါဘာ လွတ်သွားတာတုံး (သတိလွတ်သွားတာပါဘုရား) ဒါဖြင့် ဘယ်သူနဲ့စီးသွားတာတုံးလို့မေးရင် ဘယ့်နှယ်ပြောမတုံး (အဝိဇ္ဇာနဲ့ စီးသွားပါတယ်)။

ကိုင်း. . . ဒါဖြင့် ဒကာ ဒကာမတို့ သတိလွတ်လိုက်တဲ့ အတွက် အဝိဇ္ဇာနဲ့စီးသွားတဲ့အတွက် အမှားလား. . . အမှန် လား . . . (အမှားပါဘုရား)။

## သတိလွတ်ရင်အမှားချည်းလုပ်တယ်

ဒါဖြင့် မောင်စိန်သန်းတို့ ရိပ်မိရောပေါ့ (ရိပ်မိပါပြီ

ဘုရား)၊ ဘယ်လိုရိပ်မိသလဲလို့မေးရင် ဩော်. . . သတိလွတ်ရင် အမှားချည်းလုပ်တော့မှာပဲ. . . (မှန်ပါ)။

ဒါကြောင့် သတိက ဘာနဲ့ တူသတုံးဆိုလို့ရှိရင် သတိကို မြန်မာလို ပြန်လိုက်တဲ့အခါကျလို့ရှိရင် မမေ့မှု ဟုတ်ပလား. . . (မှန်ပါ) မမေ့မှု၏အန္တရာယ်ဘယ်သူတုံးလို့ မေးလို့ရှိရင် မေ့မှု အဝိဇ္ဇာ (မှန်ပါ)၊ မမေ့မှုက သတိနော်. . . (မှန်ပါ)၊ သူ၏ အန္တရာယ်ဘယ်သူတုံး. . . (အဝိဇ္ဇာပါဘုရား)၊ အဝိဇ္ဇာဆိုတဲ့ မေ့မှု၊ နားလည်ကြပြီလား . . . (နားလည်ပါပြီ)။

အဲဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ပြောရတယ်၊ အင်း. . . ခင်ဗျားတို့ ဘုရားအဆူဆူနဲ့ လွဲခဲ့။ ဝိပဿနာ အလုပ်တွေ လုပ်ရင်းလုပ်ရင်းနဲ့ ဝိပဿနာအလုပ်တွေ မမြင်မထင်ဘဲဖြစ်လာလိုက်။ လုပ်တုန်းကတော့ သတိထား လုပ်တာပဲ။ နောက်သတိကထွက်ပြေးပြီ။ အဝိဇ္ဇာက ကျန်နေရစ်တဲ့ အခါကျတော့ ဘာမှကို မမြင်တော့ဘူး. . . (မှန်ပါ) သတိကလေး လွတ်သွားသည်နဲ့ တစ်ပြိုင်နက်တည်း မမေ့မှုကလေး ပျောက်သွားသည်နဲ့ တစ်ပြိုင်နက်တည်း မေ့မှုကြီးက ဦးစီးလာတော့တာပဲ. . . (မှန်ပါဘုရား) မေ့မှုကြီးက ဦးစီးလာကတည်းက ဒေါ်ရွှေတို့ အမှန်ရောက်မလား အမှားရောက်မလား . . . (အမှားရောက်မှာပါဘုရား)။

## ဘုရားအဆူဆူနဲ့လွဲခဲ့တာ ဘာ့ကြောင့်တုံး

ဒါကြောင့် ဘုရားအဆူဆူနဲ့လွဲတာ ဘာကြောင့်တုံး (သတိလွတ်မှုကြောင့်ပါ) သတိလွတ်မှုရှိတဲ့အခါကျတော့ အဝိဇ္ဇာက ရောက်ရောက် ရောက်ရောက်ပြီး သကာလ လာတော့တယ်။ ဒါ့ကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ သတိပဋ္ဌာန်ဆိုတာ သတိဟာ အတော်အရေးကြီးလို့ သတိ ပဋ္ဌာန်လို့ဆိုတာ (မှန်ပါ)၊ သတိအရေးကြီးလို့ သတိပဋ္ဌာန်လို့ အခုညဟောနေတာ သတိပဋ္ဌာန် (မှန်ပါ)၊ သတိအရေးကြီး လိုက်တာနော် (မှန်ပါ)။

သတိကလေးလက်လွတ်လို့ရှိရင် ဒကာ ဒကာမတို့ ခုနင်က ပြောတဲ့ ဖိနပ်တောင်မှားစီးတယ် (မှန်ပါ)၊ မှားစီးတယ် ဆိုကတည်းက သတိနဲ့ စီးတာလား အဝိဇ္ဇာနဲ့ စီးတာလား . . . (အဝိဇ္ဇာနဲ့စီးတာပါ)၊ ဒါဖြင့် သတိလွတ်သည်နဲ့ တစ်ပြိုင်နက်တည်း အဝိဇ္ဇာဝင်တယ်ဆိုတဲ့ဥစ္စာ ဒကာ ဒကာမတို့ ဉာဏ်ထဲမှာမှတ်ထားပါ. . . (မှန်ပါ)။

အဲဒီကဲ့သို့ အဝိဇ္ဇာဝင်လာသည်နဲ့ တစ်ပြိုင်နက်တည်း လောကီလုပ်လည်း အမှား၊ လောကုတ္တရာလုပ်လည်း အမှားပဲ . . . (မှန်ပါ)။

## သတိလုံးလုံးလွတ်နေလို့

ဒါဖြင့် အမှားဟူသ၍ နဲ့ကြုံ၊ အမှန်ဟူသ၍ နဲ့လွဲဆိုတာ သတိမရှိလို့. . . (မှန်ပါ)၊ ရှင်းကြပြီလား. . . (ရှင်းပါပြီ)။

ဒါဖြင့် ဒကာ ဒကာမတွေမှာ ဘုန်းကြီးပြောပါတယ်။ ဘယ့်နှယ်ကြောင့် အိုနာသေကြီးနဲ့ အမြဲနေရပါလိမ့်မလဲ၊ ဆင်းရဲပွဲကြီး အမြဲနွဲ့နေရတာ ဘာကြောင့်ပါလိမ့်မလဲ. . . မေးလိုက်တဲ့အခါကျတော့၊ ဘဝများစွာ သံသရာက သတိပဋ္ဌာန်ဆိုတဲ့ သတိလုံးလုံးလွတ်နေလို့ ဒီအိုနာသေကြီးနဲ့တွဲ ဆင်းရဲဟူသရွေ့နဲ့တွဲ ဒီလိုနေကြရတယ် (မှန်ပါ)။ ရိပ်မိကြပလား. . . (ရိပ်မိပါပြီ)။

ဪ. . . ဒါဖြင့် တို့အိုနာသေနဲ့နေပြီးသကာလ၊ ဆင်းရဲပွဲကြီး နွှဲနေရတာသည် ဘာကလေးလိုနေတယ်ဆိုတာ ပေါ်လာရမယ် (ပေါ်လာပါတယ်)၊ ဘာလိုနေသလဲ. . . (သတိလိုနေပါတယ်)၊ အားလုံး ဒကာ ဒကာမတွေ သတိကလေးလိုနေတယ်လို့ မှတ်စမ်းပါ။ (မှန်ပါ) ရိပ်မိကြပြီလား (ရိပ်မိပါပြီဘုရား)။

## အခုဘာဘေးသင့်နေသတုံး

ဒါဖြင့် ဒကာ ဒကာမတို့ အခု ဘာဘေးသင့်နေသတုံး၊ ခန္ဓာကိုယ်ကြီးဟာ မအိုချင်ဘဲအို မနာချင်ဘဲနဲ့နာရ၊ မသေချင်ဘဲနဲ့ သေရာဌာန ပြေးကြရ။ ဘယ့်နှယ်ကြောင့် ဒီဆိုးဝါးတဲ့ အဖြစ်ကြီး ကြုံရဆုံရကြပါလိမ့်မတုံး မေးတဲ့ အခါကျတော့ သတိလွတ်မှုကြောင့် ဒီအဖြစ်တွေနေတာ၊ (မှန်ပါ)၊ ရိပ်မိပြီလား (ရိပ်မိပါပြီ)။

ဘာလွတ်မှုတုံး၊ (သတိလွတ်မှုပါဘုရား) အေး. . . သတိလွတ်မှုကြောင့် ဒီအဖြစ်တွေ တွေ့နေရတယ်ဆိုတာ ကျေနပ်ကြပြီလား။ (ကျေနပ်ပါပြီ)။

ဒါဖြင့် ဒကာ ဒကာမတို့ ခင်ဗျားတို့ သတိတစ်လုံးကိုဖြင့် ကောင်းကောင်းကြီး ကိုယ်ပိုင်ထားပြီး မသုံးကြလို့ရှိရင်ဖြင့်၊ တို့သည် နောင်ဘုရားအဆူဆူနဲ့လည်း လွဲရချေသေးရဲ့. . . (မှန်ပါ)၊ အိုပွဲ၊ နာပွဲ၊ သေပွဲတွေကို အမြဲတမ်းနွှဲနေရချည်သေးရဲ့ . . . (မှန်ပါ)၊ ပူပွဲ၊ သေပွဲတွေဟူသ၍လည်း တို့နဲ့ အမြဲတွဲရချည်သေးရဲ့. ဆိုတာ သေသေချာချာမှတ်ပါ (မှန်ပါ)။ ဘယ်လောက် ကြောက်စရာကောင်းသတုံး။ (ကောင်းပါတယ်ဘုရား)။

## အရာရာတိုင်းမှာသတိလိုအပ်တယ်

ဒါဖြင့် သတိဟာ ဘယ်လောက် အရေးကြီးတယ်ဆိုတာ ပေါ်လာကြပြီလား (ပေါ်လာပါပြီ) ဒါကြောင့်. . .

**သတိ စ ခွာဟံဘိက္ခဝေ သဗ္ဗတ္ထိကံဝဒါမိ။**

ဘိက္ခဝေ- ရဟန်းတို့၊ ခေါ်-စင်စစ်၊ သတိ- သတိကို၊ သဗ္ဗတ္ထိကံ- အရာရာတိုင်း၌ အလိုရှိအပ်၏ဟူ၍ အဟံ- ငါဘုရားသည်၊ ဝဒါမိ-ဟောတော်မူ၏. . .။ သတိဟာ အရာရာတိုင်းမှာရှိရမယ်။ ကျန်တဲ့တရားတွေထက် အရေးကြီးတယ် (မှန်ပါ) မဂ္ဂရှစ်ပါးရှိတဲ့အနက် သူကပိုမို ဂရုစိုက်နေရမယ်။ (မှန်ပါ)။

အံမာလေး. . . မင်းတို့က သတိကို သာမည အောက်မေ့ချင် အောက်မေ့နေကြလိမ့်မယ်။ ဝီရိယဟောစဉ် မှာတုန်းကတော့ ဝီရိယအင်မတန်အရေးကြီးနေတာအောက် မေ့နေမယ်။ (မှန်ပါ) အခုသတိက ပိုအရေးကြီးနေတယ် (မှန်ပါ)။

## သားမဟုတ်တာ သားလုပ်တယ်

သတိကပိုအရေးကြီးလာနေတယ် ဒကာ ဒကာမတို့၊ သတိမရှိသည်နဲ့ တစ်ပြိုင်နက်တည်း ဒကာ ဒကာမတို့ ဘုန်းကြီးက သတိကလေးထားပြီးတော့ ဝိပဿနာရှုကြ၊ သတိကလေးထားပြီး ဝိပဿနာရှုကြ . . . ဆိုတော့ ဒကာ ဒကာမတွေက သတိကလေးက မထားမိဘူး။ (မှန်ပါ) မထားမိသည်နဲ့ တစ်ပြိုင်နက်တည်း ဘုန်းကြီးတို့ ဒကာ ဒကာမတွေဟာ တစ်ခါတည်း မသိမှုဆိုတဲ့ အဝိဇ္ဇာကြီးက သားမဟုတ်တာကို သားလုပ်လိုက်ပြီ (မှန်ပါ)၊ သမီးမဟုတ်တာ သမီးလုပ်လိုက်ပြီ။ ပစ္စည်းမဟုတ်တာကို . . . (ပစ္စည်းလုပ်ပါတယ်)၊ ဟောတစ်ခါတည်း အဝိဇ္ဇာဝင်ရင် သေတဲ့အခါကျတော့ အပါယ်ရောက်သွားနိုင်ပြီ။ ဩော် . . . သတိလွတ်ပြီးသေသွားလို့ အပါယ်ရောက်တာ (မှန်ပါ) ရိပ်မိကြပြီလား. . . (ရိပ်မိပါပြီဘုရား)။

## ဘာ့ကြောင့် လူတွေ အပါယ်သွားရသတုံး

ဘာ့ကြောင့် လူတွေ အပါယ်သွားရသတုံးဆိုတာ ရိပ်မိပလား (ရိပ်မိပါပြီ)။ ဘယ်လိုသေလို့ပါလိမ့် (သတိလွတ် ကင်းလို့ပါဘုရား)။

ဒါဖြင့် အပါယ်မှာ ရောက်သူအပေါင်း အရေအတွက်ဘယ်လောက်ရှိသတုံး ဆိုရင်ဖြင့် မရေတွက်နိုင်ပါဘူးဘုရား (မှန်ပါ) ဘယ်လိုလူတွေသေတာပါလိမ့်မလဲလို့ သေသေချာချာမေးလိုက်လို့ရှိရင်ဖြင့် ခင်ဗျားတို့ပေါ် ရမယ် (ပေါ်ပါတယ်ဘုရား) ဘယ်လိုပေါ်ကြရမတုံး. . . (သတိလွတ်တဲ့သူတွေရောက်တာပါ) သတိလွတ်ပြီး သေကြတယ်။

## သတိလွတ်တဲ့အချိန်ဖမ်းတယ်

တစ်ခါကြည့်ပါအုံး. . . ခိုကလေးတွေ ငှက်ကလေးတွေ သူတို့ကိုကြောင်တွေက ဖမ်းတယ် မြွေတွေက ဖမ်းတယ်၊ ဘယ်အချိန် ဖမ်းသတုံးဆိုလို့ရှိရင်ဖြင့် မင်းတို့ရိပ်မိကြပြီ. . . သတိလွတ်တဲ့အချိန်ဖမ်းလိုက်တယ် (မှန်ပါ) ရိပ်မိပြီလား (ရိပ်မိပါပြီ)။

## ငရဲကဘယ်အချိန်ခေါ် မယ်ထင်သတုံး

ခိုကလေးတွေ ငှက်ကလေးတွေ တိရစ္ဆာန်တွေ နိုင်ရာစားပုဂ္ဂိုလ်က ဖမ်းယူစားသောက်လိုက်တယ်။ ဒကာ ဒကာမတို့

ဘယ်အချိန်ဖမ်းပါလိမ့် (သတိလွတ်တဲ့အချိန်ဖမ်းပါ တယ်)၊ ခင်ဗျားတို့ကိုလည်း သေမင်းက ဘယ်အချိန်ဖမ်းပါလိမ့် (သတိလွတ်တဲ့အချိန် ဖမ်းပါတယ်ဘုရား) ငရဲကလည်း ဘယ်အချိန်ခေါ်မယ် ထင်သတုံး (သတိလွတ်တဲ့အချိန်ပါ)။

## သတိကိုလက်ကိုင်ထားကြပါ

အံမာလေး. . . ဒါဖြင့် ဒကာ ဒကာမတို့ သတိကိုလက်ကိုင်ထားကြပါ . . . (မှန်ပါ) သတိကို လက်ကိုင်ထားပါ။ တောတိရစ္ဆာန်ကလေးတွေကောင်မှ သတိလက်လွတ်တဲ့အချိန်မှာ၊ တစ်ခါတည်း လေးနဲ့ပစ်တဲ့လူက သူတို့ငေးနေတဲ့အချိန်မှာ လေးနဲ့ ပစ်တာပဲ။ မဟုတ်ဘူးလား (မှန်ပါ)။

ကြောင်က ဖမ်းရင်လည်း သူသတိလွတ်တာကို ကြည့်နေတာပဲ။ သူသတိလွတ်တဲ့အချိန် ဖမ်းမယ် (မှန်ပါ) ကျားဖမ်းတယ်ဆိုတာကော (သတိလွတ်တဲ့အချိန်ဖမ်းတာပါဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ သေခြင်းဆိုးသေခဲ့ရတဲ့ ဘဝဟူသ၍ မောင်စိန်ထွန်းရိပ်မိရောပေါ့ . . . (ရိပ်မိပါပြီဘုရား)၊ ဘာတုံးကွ . . . (သတိလွတ်လို့ပါဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ သေခြင်းဆိုးသေခဲ့ရတာဖြင့် သတိလွတ်လိုချည့်ပဲဆိုတာ မပေါ်လာသေးဘူးလား (ပေါ်လာပါပြီ) ဒါဖြင့် ဘာအရေးကြီးသတုံး။ (သတိအရေးကြီးပါတယ်)

သတိအရေးကြီးတယ်ဆို တာဖြင့် ဒကာသိုက် ထူးထူးခြားခြား မှတ်ပါ (မှန်ပါ)။

## မဂ္ဂင်ရှစ်ပါးမှာလည်းအရေးကြီးတယ်

ဒါဘုန်းကြီးက သွယ်ဝိုက်ပြီး ပြောတာမဟုတ်ပါဘူး။ ဘုရားကိုယ်တော်မြတ်ကြီးက "သတိစခွာဟံဘိက္ခဝေ သဗ္ဗတ္တိကံ ဝဒါမိ" သတိဟာ နေရာတိုင်းမှာ အရေးကြီးတယ် (မှန်ပါ)၊ မဂ္ဂင်ရှစ်ပါးမှာ သူကမှ လွတ်ကင်းနေရင် ကျန်ခုနစ်ပါးမလာနိုင်တော့ဘူး (မှန်ပါ) လာနိုင်သေးရဲ့လား . . . (မလာနိုင်ပါဘူး) မလာနိုင်ဘူး။ သူကင်းသွားတော့ အဝိဇ္ဇာကဝင်ပေါ့ကွာ (မှန်ပါ) အဝိဇ္ဇာဝင်ကတည်းက ဒိပြင်မဂ္ဂင်တွေက ကိန်းနိုင်သေးရဲ့လား . . . (မကိန်းနိုင်ပါဘူး)။

## သတိတယ်ပြီးအရေးကြီးပါလား

အဲဒါကြောင့် ဒကာ ဒကာမတို့ ဒီနေ့ပြောတဲ့စကားမှာ သတိတယ်အရေးကြီးပါလားဆိုတဲ့ဥစ္စာ ပါလာပြီ (မှန်ပါ)။

ကဲ-ဒါဖြင့် မဂ္ဂင်ရှစ်ပါးမှာ ဘယ်သူအရေးကြီးသလဲ (သတိအရေးကြီးပါတယ်)၊ သတိကတည်ပြီးမှသာလျှင် ဒီအပေါ်မှာ ဝီရိယက လိုလာတာကိုး (မှန်ပါ)၊ နို့မဟုတ်ရင် ဝီရိယကလည်း သူ့ဆိုင်ရာ လုပ်ငန်းလုပ်နိုင်ပါဦးမလား (မလုပ်နိုင်ပါဘူး) သတိ

က ဒီနေရာမှာ ဓားနဲ့ခုတ်မယ်လို့ သတိထားပြီး မှ ဝီရိယနဲ့ အားစိုက်ခုတ်မှ ဒီနေရာပြတ်တာကိုး . . . (မှန်ပါ) သတိက ဘယ်နေရာရယ်လို့ သတ်မှတ်မထားလို့ရှိရင် ဓားက ခုတ်ချင်တဲ့ နေရာခုတ်မယ်ဆိုရင် ပြတ်တဲ့နေရာ ရောက်နိုင်ပါ့မလား (မရောက်နိုင်ပါဘူး) အရမ်းပြတ်ပေါ့ဗျာ . . . ဒီလိုပဲ ဖြစ်မှာပဲ . . . (မှန်ပါဘုရား)။

အေး-ဒါကြောင့် ဒကာ ဒကာမတို့ ဘာများအရေးကြီး နေတယ်ဆိုတာပေါ်လာကြပြီလား . . . (ပေါ်လာပါပြီဘုရား) ဘာအရေးကြီးသလဲ (သတိအရေးကြီးပါတယ်ဘုရား)။

တောတိရစ္ဆာန်တွေ သေကြတာလည်း သတိကင်းလို့ (မှန်ပါ) ရေထဲကငါးတွေ ဖမ်းယူထားပြီဆိုမှဖြင့်လည်း ပိုက်ကွန် ထဲမပါကြဘူးလား (ပါပါတယ်) ဒါလည်းဘာလိုသွားတာတုံး (သတိလိုသွားတာပါ) တချို့ရထားကြိတ်ပြီး မော်တော်ကား တိုက်ပြီး သေကြတယ်ဆိုတာတွေကော (သတိလိုသွားတာပါ) သတိလိုသွားတာ သတိလိုသွားတာ။

## သတိလွတ်လို့အသေဆိုးသေကြရ

ဒါဖြင့် ဒကာ ဒကာမတို့ တိုတိုပြောကြပါစို့။ အသေဆိုး သေတဲ့ ပုဂ္ဂိုလ်တွေဟာ သတိလွတ်လို့ . . . (မှန်ပါ) ရှင်းပြီ လား . . . (ရှင်းပါပြီဘုရား)။

သတိအရေးကြီးတယ် ဒကာ ဒကာမတို့ တောထဲမှာ သွားလာလုပ်ကိုင်ကြတဲ့ ပုဂ္ဂိုလ်တွေ နေ့လယ်ကြောင်တောင် တောင်ကြီးမှ မောင်ထွန်းလှိုင်ရေ မြွေကိုက်သတဲ့ကွာ၊ အဲဒါ ဘာလိုသွားတုံး (သတိလိုသွားတာပါဘုရား)၊ ဪ. . . ဒါဖြင့် မြွေကိုက်လို့ ဆုံးရှုံးခြင်းသို့ ရောက်သွားသတဲ့ဆိုတာ သတိလို သွားတာပဲ (မှန်ပါ)။

## စားတဲ့နေရာမှာလည်းအရေးကြီးတယ်

တစ်ခါစဉ်းစားကြည့်ပါအုံး ဒီရာသီဒီဌာနမှာ ဒီအစာ စားရင် ဒီလိုမူးတတ်သတဲ့။ ဒီလိုဝေတတ်သတဲ့။ ဒီလိုအော့တတ် အန်တတ်သတဲ့ဆိုတဲ့ဥစ္စာ မူးတတ်တဲ့ အစာအာဟာရ၊ နေက လည်းပူပါဘိသနဲ့ . . . ရှောင်ရမယ်လို့ သတိထားလို့ရှိရင် မူးဝေ တဲ့ရောဂါဝေဒနာ ရောက်ပါ့မလား . . . (မရောက်ပါဘူး)။ သတိမထားတော့ စားကြမျိုမိကြရော။ မူးဝေတဲ့ ဝေဒနာတွေ ရောက်မလာဘူးလား (ရောက်လာပါတယ်) ဒါလည်း ဘာကြောင့် ပါလိမ့်(သတိလိုလို့ပါဘုရား) သတိလစ်ဟင်းလို့ . . . ဟုတ်လား (မှန်ပါ)။

## ဘာဖြစ်လို့ခလုတ်တိုက်ရသတုံး

ဒါဖြင့် သတိသည်ကားလို့ဆိုရင် စားတဲ့နေရာလည်း သတိအရေးကြီးတာပဲ (မှန်ပါ)၊ ယုတ်စွအဆုံး ဖိနပ်စီးတဲ့နေရာ

တောင် (သတိအရေးကြီးပါတယ်)၊ လမ်းသွားတဲ့နေရာကော (သတိအရေးကြီးပါတယ် ဘုရား)၊ မယုံလို့ရှိရင် ခင်ဗျားတို့ သတိမပါဘဲသွားကြည့်။ ဘယ်လောက်ကြီးတဲ့ ခလုတ်တောင်မှ တိုက်တယ် (မှန်ပါ) ဘယ်လောက်ကြီးတဲ့ခလုတ်ဖြစ်ဖြစ် တိုက်တယ် (မှန်ပါ့) ဘာဖြစ်လို့တိုက်ရသတုံး (သတိလွတ်သွားလို့ပါ ဘုရား)။

ဒါဖြင့် ခလုတ်တိုက်လိုက်တာ၊ ချော်ခြေမကိုကွဲသွားတာပဲဆိုတော့ ဒကာ ဒကာမတွေ ဘာကြောင့် ခလုတ်တိုက်တာပါလိမ့်မတုံးလို့ မေးတဲ့အခါ ကျလို့ရှိရင်ဖြင့် ဩ. . . သတိလိုလို့ (မှန်ပါ့)၊ သဘောကျပါပြီလား . . . (ကျပါပြီ)။

## ဘယ်အခါမှသတိမလစ်စေနဲ့

ကဲ. . . ဒါဖြင့် သတိသည်ကားလို့ဆိုရင်ဖြင့် ပစ္စုပ္ပန်မှာလည်း ဆိုးကျိုးပေးတယ် (မှန်ပါ) သံသရာမှာလည်း အပါယ်အကျိုးရတယ်ဆိုတော့ . . . သတိဟာ ဘယ်လောက်ထိအောင် အရေးကြီးနေတယ်ဆိုတာ ဘယ်အခါမှ မလစ်စေနဲ့လို့ ဘုရားက ဟောတယ် (မှန်ပါ)။

အဲဒီတော့ ဒကာ ဒကာမတို့ သတိလစ်မှုသည်ကားလို့ဆိုရင် ခင်ဗျားတို့ ပစ္စုပ္ပန်မှာလည်းအကျိုးယုတ်သည်။ သံသရာ

မှာ အပါယ်ကျမှုဟာဖြင့် ဩော်. . . သတိလက်ကိုင်မရှိတဲ့ အတွက်ပဲလို့ မဆိုနိုင်ဘူးလား . . . (ဆိုနိုင်ပါတယ်)။

ကိုင်း. . . ဒါဖြင့် ဒီနေ့ည ဘာအရေးကြီးတယ်ဆိုတာ ပေါ်လာကြပလား (သတိအရေးကြီးပါတယ်ဘုရား)။ ဒါကြောင့် . . . ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဟောတော်မူတာ . . . အပ္ပမာ ဒေါ အမတံပဒံ။ အပ္ပမာဒေါ . . မမေ့မလျော့ဘဲ သတိထားတဲ့ ပုဂ္ဂိုလ်သည်၊ အမတံပဒံ. . . မသေရာဖြစ်သော နိဗ္ဗာန်သို့ရောက်ကြောင်းဖြစ်၏။ သတိသာ မမေ့လို့ရှိရင် နိဗ္ဗာန်ရောက်ကြောင်း အစစ်တဲ့ (မှန်ပါ) ကဲ . . . ယုံကြပါပြီလား (ယုံပါပြီဘုရား)။

## သတိမလွတ်ရင်နိဗ္ဗာန်ရောက်ကြောင်းအစစ်

ဒကာ ဒကာမတို့၊ သတိမလွတ်ရင် နိဗ္ဗာန်ရောက်ကြောင်းအစစ် (မှန်ပါ)၊ ဒါဖြင့် . . . သတိလွတ်ရင်သေရာသို့ရောက်ရမယ် . . . (မှန်ပါ)၊ ပြောင်းပြန်ပြန်ပြီးတော့ မှတ်လိုက်ကြ (မှန်ပါ)။

သတိမလွတ်တဲ့ ပုဂ္ဂိုလ်သည် မသေရာနိဗ္ဗာန်ကိုရောက်တယ်။ သတိလွတ်တဲ့ ပုဂ္ဂိုလ်သည် (သေရာကိုရောက်ပါတယ်ဘုရား)။

ဒါဖြင့် သတိလွတ်တိုင်း လွတ်တိုင်း ဒကာ ဒကာမတွေက အင်း. . . သေရာရောက်ဖို့ပဲ။ သေရာရောက်ဖို့လွယ်တာ။ သေရာချည်း သွားရတော့မှာပဲ။ သူလွယ်နေသရွေ့ကာလပတ်လုံး မသေရာမရောက်နိုင်ဘူးဆိုတော့ ဘုရားက ဓမ္မပဒပါဠိတော်မှာ ဟောသွားပါတယ် (မှန်ပါဘုရား) ဒကာသိုက်တယ်အရေးကြီးပါလား . . . (ကြီးပါတယ်) မောင်ထွန်းလှိုင်ဒီနေ့က သတိအရေးကြီးပုံ ပေါ်လာကြပြီလား . . . (ပေါ်လာပါပြီ)။

## အဖန်ဖန်သေခြင်း၏အကြောင်း

ဒါဖြင့် အားလုံး ဒကာ၊ ဒကာမတွေ အပ္ပမာဒေါ အမတံပဒံ။ ပမာဒေါ မစ္စုနော ပဒံ။ ပမာဒေါ-မေ့လျော့သော ပုဂ္ဂိုလ်သည်၊ မစ္စုနော - သေခြင်း၏၊ ပဒံအကြောင်းတည်းတဲ့ (မှန်ပါ့) ဒကာ ဒကာမတို့ မမေ့မလျော့ရင် နိဗ္ဗာန်ရောက်ကြောင်း၊ မေ့လျော့ရင် (သေခြင်း၏အကြောင်းပါဘုရား) အဖန်ဖန်သေခြင်း၏ အကြောင်းလို့ သေသေချာချာမှတ်လိုက်ကြစမ်းပါ (မှန်ပါ)။

ဒါဖြင့် အဖန်ဖန်သေချင်ရင် ခင်ဗျားတို့ ဝေဒနာပေါ်တိုင်းပေါ်တိုင်း သတိမထားနဲ့ (မှန်ပါ) အဖန်ဖန် မသေချင်တော့ပါဘူး။ မသေရာ ရောက်ချင်ပါတော့တယ်ဆိုရင်ဖြင့်

ဝေဒနာပေါ်တိုင်း ပေါ်တိုင်း ဘာလုပ်ရမလဲ။ (သတိထားရပါတယ်)၊ ကိုင်း. . . ဒီပါဠိတော်နဲ့ မောင်စိန်ထွန်းကိုက်ပါလား (ကိုက်ပါပြီ ဘုရား)။

ကိုက်ပြီ ဒကာ ဒကာမတို့၊ သာမညအရေးကြီးရုံဆိုရင် ဘုရား ဒီပါဠိတော်ဟောပါ့မလား။ အလွန်အရေးကြီးလို့ ဟောတော် မူတာနော် . . . (မှန်ပါ့) ရိပ်မိပါလား. . . (ရိပ်မိပါပြီ)။

## ဝေဒနာပေါ်တိုင်းပျက်တိုင်းသိ

အပ္ပမတ္တာ နမိယန္တိ . . . ဟော လှည့်တောင်လာလိုက်သေးတယ်။ အပ္ပမတ္တာ-သတိမမေ့ဘဲနဲ့ ဝေဒနာပေါ်ရင် ဝေဒနာပေါ်တိုင်း ပေါ်တိုင်း သတိထားတဲ့ ပုဂ္ဂိုလ်တို့သည်၊ နမိယန္တိ-မသေကြတော့ဘူးတဲ့ (မှန်ပါ)၊ သတိမမေ့တဲ့ ပုဂ္ဂိုလ်တို့ဖြင့် ဝေဒနာပေါ်တိုင်းပေါ်တိုင်း သိလို့ရှိရင် ပျက်တိုင်း ပျက်တိုင်း သိတော့မှာပဲဆိုတာကလည်း နောက်ကလိုက်နေသောကြောင့် ဒီပုဂ္ဂိုလ်မသေတော့ဘူးတဲ့ (မှန်ပါ)၊ ရိပ်မိကြပါလား (ရိပ်မိပါပြီ)။

ယေ ပမတ္တာ ယထာ မတာ. . . တဲ့။ ယေ-အကြင် ပုဂ္ဂိုလ်သည်၊ ပမတ္တာ-မေ့လျော့ကြကုန်၏။ တေ-ထိုပုဂ္ဂိုလ်တို့သည်၊ မတာယထာ၊ သေကုန်သကဲ့သို့ပဲတဲ့ (မှန်ပါ့) ခင်ဗျားတို့ သတိလွတ်နေတဲ့ အချိန်ကျတော့ ထွက်သက် ဝင်သက်တော့

ရှုရှိုက်နေတာပဲ။ သို့သော် သေသူလို ဖြစ်နေလို့ လူသေလို့ ဘုရားကခေါ်လိုက်သတဲ့ . . . (မှန်ပါ)။

## အသက်ရှင်လျက်နဲ့လူသေ

ဒကာသိုက် အင်မတန်အရေးကြီးအောင် ဘုရားမသုံး ဘူးလား . . . (သုံးပါတယ်) အသက်ပင်ရှင်နေငြားသော်လည်း သတိလွတ်ကင်းနေရင် ဒီပုဂ္ဂိုလ်ကို အရှင်လို့မခေါ်နဲ့။ **အသေပဲ** (မှန်ပါ့) **အသေပဲ**၊ သူဟာသူသေတဲ့ ရိပ်မိကြပြီလား (ရိပ်မိပါ ပြီ)။

ရှင်လျက်နဲ့ လူသေဆိုတာ ဘာလွတ်**နေတာတုံး**၊ (သတိ လွတ်နေတာပါဘုရား) ဘုရားသခင်ကိုယ်**တော်မြတ်ကြီး**က သတိလွတ်နေလို့ရှိရင် ထွက်သက်ဝင်သက်ရှု**ပြီးသွား**လာနေငြား သော်လည်း၊ ဒီပုဂ္ဂိုလ်ကို လူရှင်လို့မခေါ်နဲ့၊ **ဘာလို့ခေါ်** ရသတုံး (လူသေလို့ခေါ်ရပါမယ်)။

## သတိလွတ်နေတဲ့အချိန်မှာလူသေ

လူသေလို့ခေါ်ရမှာပဲ၊ လူသေသည်ကားလို့ ဆိုရင်ဖြင့် ဘယ်သူက အပ်နဲ့ထိုးတယ် ဘာလုပ်တယ် သူမသိဘူး (မှန်ပါ့) ဘယ်သူက ခြေကြီးလက်ကြီးတွေတုပ်ကော သူသိသေးရဲ့လား (မသိပါဘူး ဘုရား)။ ဘယ်သူက ထမ်းသွားတော့ကော (မသိ

ပါဘူး) ဟိုကျတော့ မြေထဲမြှုပ်တော့ကော (မသိပါဘူး) လူသေဟာ ဘာမှ မသိဘူး (မှန်ပါ)။

ထို့အတူပဲတဲ့ ဒကာ ဒကာမတွေလည်း ကောင်းတာနဲ့ ဆိုးတာကို ဝေဖန်နိုင်အောင်ပဲ မသိတော့ပါဘူးတဲ့၊ သတိလွတ်သွားရင် (မှန်ပါဘုရား) လူသေနဲ့ ထူးသေးရဲ့လား၊ (မထူးပါဘူး) အကောင်းအဆိုး ဝေဖန်နိုင်သေးရဲ့လား (မဝေဖန်နိုင်ပါဘူး)။

## သာမညအရေးကြီးရင်ဒီစကားမသုံးဘူး

ဒါဖြင့် ထွက်သက်ဝင်သက်တွေ ရှူနေငြားသော်လည်း သတိလွတ်နေတဲ့ ပုဂ္ဂိုလ်ဟာ လူသေနဲ့ အတူတူပဲလို့ ဘုရားက ဟောတော်မူတယ် (မှန်ပါ့) မောင်ထွန်းလှိုင် သာမညအရေးကြီးရင် ဒီစကားမသုံးဘူး (မသုံးပါဘူး)၊ အင်မတန် အရေးကြီးလို့ သုံးလိုက်တယ်ဆိုတာ ဒကာ ဒကာမတွေ သဘောကျပလား. . (ကျပါပြီ)။

သတိလွတ်တဲ့အချိန်မှာ ကိုယ့်ကိုယ်ကို လူရှင်လို့ခေါ်ကြမလား . . . လူသေလို့ ခေါ်မလား (လူသေလို့ ခေါ်ပါတယ်) ဒါဖြင့် သေချိန်ရှင်ချိန်ကိုဖြင့် ဒကာ ဒကာမတွေ နေ့တိုင်း ဝေဖန်ကြ (မှန်ပါ)။

## ဝေဒနာပေါ်တာကို မသိတာကများနေပြီ

အခု ဒကာ ဒကာမတွေက ဝေဒနာကိုဖြစ်ပျက် ကြိုးစားနေကြတယ်။ ဝေဒနာကို ဖြစ်ပျက်ကြိုးစားနေတော့ ဝေဒနာပေါ်တိုင်းပေါ်တိုင်း မသိတာကများနေပြီ။ သတိမထားမိဘူးဆိုလို့ရှိရင် ဩော်. . . ငါ့နှယ် လူသေဖြစ်နေတာကများ နေပါပေါ့လား . . . (မှန်ပါဘုရား) လူရှင်အဖြစ်က (နည်းနေပါတယ်ဘုရား) ဒါဘုန်းကြီးက ကြံဖန်ပြောတာလား၊ ဘုရား တိုက်ရိုက်ဟောတာလား (ဘုရားတိုက်ရိုက်ဟောတာပါ) လူသေနဲ့ လူရှင်ကွဲကြပလား (ကွဲပါပြီဘုရား)။

## လူသေလူရှင်ကွဲဖို့ရာအရေးကြီးတယ်

ဒါဖြင့် ခင်ဗျားတို့ လူသေနဲ့ လူရှင်ကွဲသွားတယ်ဆိုကတည်းက ကိုယ့်ကိုယ်ကို ကွဲဖို့ရာကလည်း ပိုအရေးကြီးတော့တယ် (မှန်ပါ့)၊ ဘာကြောင့် ဆရာဘုန်းကြီးက ဒါလောက်တောင် အရေးတကြီး ပြောရသတုံးလို့ မေးလို့ရှိရင်ဖြင့်၊ ထွက်သက်ဝင်သက်ပင် ရှိငြားသော်လည်း သတိကင်းနေတဲ့ ပုဂ္ဂိုလ်ဟာလာတဲ့ ရန်သူက သူ့ကိုအကုန်မိမှာပဲ (မှန်ပါ)၊ လာတဲ့ရန်သူဟူသ၍ သူလွတ်အောင် ရှောင်နိုင်သေးရဲ့လား (မရှောင်နိုင်ပါဘူး)၊ ဒါဖြင့် ချောင်းဆိုးတာလည်းခံ၊ သွေးနာလာရင်လည်းခံ၊ လေနာလာရင်ကော (ခံရပါတယ်) အကုန်ခံ အကုန်ခံ

ပဲ။ သူ့မှာ သတိလက်လွတ်နေတဲ့အတွက် ဘာနဲ့မှ တားစရာ အပြုအပြင်ရှိသေးရဲ့လား (မရှိပါဘူး) တားစရာ အကာ အကွယ် သူ့မှာ ထားသေးရဲ့လား . . . (မထားပါဘူး) ဒါဘာ ဖြစ်လို့ပါလိမ့် (သတိလွတ်လို့ပါ ဘုရား)။

## အပါယ်ရောက်လေသမျှသတိလွတ်လို့

ကဲ ဒကာ ဒကာမတို့ အပါယ်ရောက်လေသမျှ ပုဂ္ဂိုလ်ဟူသရွေ့သည် ဘာတုံး (သတိလွတ်လို့ပါဘုရား) နတ်ပြည် ပျော်နေတဲ့ ပုဂ္ဂိုလ်တွေဟာလည်း သတိလွတ်နေတာ (မှန်ပါ) ဒါကြောင့် အချို့နတ်တွေများ တစ်ပြုံကြီး တစ်ပြုံကြီး အပါယ် ကျတယ် (မှန်ပါ့) ကိုင်း . . . ဘယ်သူဖြုတ်ချလိုက်တာတုံး. . (သတိဖြုတ်ချလိုက်တာပါ ဘုရား)။

## သုဗြဟ္မနတ်သားရဲ့နတ်သမီးငါးရာ

ကဲ. . . သတိတည်းဟူသော တရားမရှိတဲ့ အခါကျတော့၊ နတ်ပြည်ရောက်တယ်လို့ ခင်ဗျားတို့က စိတ်ချနေငြား သော်လည်း၊ တစ်နေ့ကပြောခဲ့တဲ့ သုဗြဟ္မနတ်သားရဲ့ နတ်သမီး ငါးရာ တစ်ပြုံကြီး ဒယ်အိုးထဲရောက်သွားတာ ဘုန်းကြီးဟော ပြီးသားဖြစ်ပါတယ် (မှန်ပါ)၊ ဟုတ်ပလား (မှန်ပါ) အဲဒါသည် ကားလို့ဆိုရင် ဘာလွတ်တာတုံး (သတိလွတ်တာပါဘုရား)

မယုံရင် သစ်ပင်ပေါ်တက်ကြည့်ပါ။ သတိလွတ်ရင် လွတ်တဲ့အချိန် အောက်ကို ဝုန်းကနဲကျချည့်ရဲ့ (မှန်ပါ) မကျပေဘူးလား (ကျပါတယ်)။

ဒါဖြင့် အားလုံး ဒကာ ဒကာမတွေ သတိသည်ကားလို့ ဆိုရင်ဖြင့်၊ သတိလွတ်တဲ့ ပုဂ္ဂိုလ်ဟာ အပါယ်ပဲ သွားစရာတွေ ကများတယ် (မှန်ပါ)၊ သေရင်လည်း သေခြင်းဆိုး သေရမှာပဲ (မှန်ပါ) သွားရင်လည်း အပါယ်သွားရမှာပဲ။ ရိပ်မိကြပလား (ရိပ်မိပါပြီ) ဒါဖြင့် ဒကာ ဒကာမတို့ ဘာအရေးကြီးပါလိမ့် (သတိအရေးကြီးပါတယ်ဘုရား)။

## ဘုရားကိုယ်တော်တိုင်ဟောတာ

သတိအရေးကြီးလိုက်တဲ့ဖြစ်ခြင်းမပြောပါနဲ့တော့၊ သတိစခွာဟံ ဘိက္ခဝေ သဗ္ဗတ္ထိကံ ဝဒါမိ အားလုံး အကျိုးကြီးတာဖြင့် သတိပဲဟော့ . . . တဲ့ (မှန်ပါ)၊ ဒါကြောင့် ဘုရားက သတိဟာ အရေးကြီးဆုံး အကျိုးသက်ရောက်ဆုံးလို့ ဟောတာပဲ (မှန်ပါ)။

အကျိုးအကြီးဆုံး သက်ရောက်တာ ဘယ်သူပါလိမ့် (သတိပါဘုရား)၊ ဘယ်သူဟောတာပါလိမ့် (ဘုရားကိုယ်တော်တိုင် ဟောတာပါဘုရား)။

## သတိပဋ္ဌာန်လက်လွှတ်ရင်အပါယ်သွားဖို့

ဪ. . . ဒါဖြင့် ဘုရားက သတိအရေးကြီးပါတယ်၊ လက်သုံးထားကြပါဆိုတာ ဒကာ ဒကာမတွေက သတိပဋ္ဌာန်ချည်း လက်လွှတ်နေကြတယ် (မှန်ပါ)၊ ဒကာသိုက် သတိပဋ္ဌာန် လက်လွှတ်ကတည်းက ဒကာ ဒကာမတွေ သေသေချာချာသာ မှတ်လိုက်ပါတော့ အပါယ်သွားဖို့ပဲ (မှန်ပါ)၊ သေခြင်းဆိုးသေဖို့နဲ့ အပါယ်ရောက်ဖို့ ဒီနှစ်လမ်းပဲရှိတယ် (မှန်ပါ)။

ဒါကြောင့် ဒကာ ဒကာမတွေ ဝေဒနာပေါ်တိုင်း ပေါ်တိုင်း သတိထားပါဆိုတဲ့စကား မသုံးသင့်ဘူးလား . . . (သုံးသင့်ပါတယ်ဘုရား) ဘာကြောင့်တုံးလို့ မေးတဲ့အခါကျတော့ ခင်ဗျားတို့ လူရှင်ကလေးဖြစ်ပါမှသာလျှင် ဘေးဥပါဒ် အန္တရာယ်လာရင် ရှောင်နိုင်သကိုး . . . (မှန်ပါ့) လူသေဆိုတော့ ဘေးဥပါဒ် အန္တရာယ်လာရင် ရှောင်နိုင်သေးရဲ့လား . . . (မရှောင်နိုင်ပါဘူး)။

## သတိလွှတ်တဲ့လူ၊ လူသေ

သတိလွှတ်တဲ့ ပုဂ္ဂိုလ်ဟာ လူသေလို့ ဘုရားက ဟောတယ် (မှန်ပါ့) ဒါဖြင့် အပါယ်ဘေးလာလည်း သူကြဲဖို့ပဲ။ တိရစ္ဆာန်ဘေး သင့်ရင်ကော (ကြုံဖို့ပါဘုရား)၊ ရေမီးမင်းခိုးသူဘေးသင့်ရင်ကော (ကြုံဖို့ပါဘုရား) ၉၆-ပါးသော ဘေးတွေ

သင့်ရင်ကော (ကြုံဖို့ပါဘုရား)၊ အဲ. . . သူ့ဖို့ချည့်မှတ် (မှန်ပါ) သတိလွတ်တဲ့ ပုဂ္ဂိုလ်၏ အဖို့ချည်းမှတ် (မှန်ပါ) ဒါ ဘယ်လောက် အရေးကြီးသတုံးကွ (ကြီးပါတယ်)။

ဒါဖြင့် ဒကာ ဒကာမတို့ မြို့ထဲမှာ အခုသေတဲ့ ပုဂ္ဂိုလ် တွေရှိကြတယ်။ ဟာဘာဖြစ်လို့ သေကြပါလိမ့်မလဲဆိုတော့ အို. . . နောက်ဘဝက သတိပဋ္ဌာန်အလုပ် မလုပ်ဖူးလို့၊ အခုအသေတွေ့ရတာပေါ့(မှန်ပ့ါ)၊ နောက်ဘဝက သတိပဋ္ဌာန် အလုပ်ကို လုပ်ခဲ့သည်ဆိုလို့ရှိရင် ဒီလူသေတွေ တို့မသာပို့စရာ မရှိဘူးကွ။ နိဗ္ဗာန်တောင်ရောက်သွားကုန်ပြီ (မှန်ပါ)။

## သတိပဋ္ဌာန်အလုပ်သာလုပ်ပါတဲ့

ဒါဖြင့် မသာပို့ရတာ ဘယ်လိုပုဂ္ဂိုလ်ပို့ရတာ များသတုံး . . . (သတိလွတ်တဲ့ပုဂ္ဂိုလ်များပါတယ်) သတိလွတ်တဲ့ ပုဂ္ဂိုလ် တွေချည်းပဲ (မှန်ပါ)၊ သတိလွတ်တဲ့ပုဂ္ဂိုလ်မို့ အသေနဲ့လာတိုး တာပေါ့ (မှန်ပါ) သတိသာ မလွတ်လို့ သတိပဋ္ဌာန်အလုပ်ကို လုပ်ခဲ့လို့ရှိရင် ခုနစ်ရက်၊ ခုနစ်လ၊ ခုနစ်နှစ်နဲ့ နိဗ္ဗာန်ရောက်နိုင် ပါတယ်လို့ ဘုရားက တာဝန်ခံတော်မူထားတာပဲ (မှန်ပါ)၊ သတိပဋ္ဌာန်သာလုပ်ပါတဲ့ ခုနစ်ရက်၊ ခုနစ်လ၊ ခုနစ်နှစ်နဲ့ပဲ ကိစ္စ ပြီးနိုင်ပါတယ် ဆိုတော့၊ အခုကိစ္စ မပြီးသေးလို့ မသာတွေချည်း ပို့နေရတဲ့ ပုဂ္ဂိုလ်တွေသည် ဘာလွတ်သွားလို့တုံး . . . (သတိ လွတ်သွားလို့ပါဘုရား)။

ဟာ. . . ဒါဖြင့် သတိသည်ကားလို့ဆိုရင်ဖြင့် သေခြင်း၏အကြောင်းဆိုတာ မောင်စိန်ထွန်း မှန်လိုက်တာကွာ. . . (မှန်ပါတယ်ဘုရား)၊ ဒကာ ဒကာမတွေ မမှန်ဘူးလား (မှန်ပါတယ်ဘုရား) သတိလွတ်လို့ သေကြတာဆိုတာ ရိပ်မိကြပလား (ရိပ်မိပါပြီ)။

## အိုနာသေဟာ ကိုယ်ပိုင်ရနေတာ

အခု. . . ကိုင်း. . . ဘယ်အိမ်မှာ ဘယ်သူသေပြန်ပြီတဲ့၊ ဘယ်အိမ်မှာ ဘယ်သူ အိုပြန်ပြီတဲ့. . .၊ ဘယ်သူဟာ ဘယ်လိုဝေဒနာရပြန်ပြီဆိုတော့၊ သတ္တဝါအတည်ဖြစ်နေတာ ဟူသရွေ့၊ နိဗ္ဗာန်မရောက်သေးဘဲနဲ့ သတ္တဝါအတည်ဖြစ်နေတဲ့သူ ဟူသရွေ့၊ ဘာလွတ်နေလို့ ဒီဥစ္စာ အိုနာသေတွေဟာ ကိုင်ပိုင်ရနေတာတုံး . . . (သတိလွတ်နေလို့ပါဘုရား)။

ကိုင်း. . . ဒါဖြင့် တစ်ယောက်နဲ့တစ်ယောက် ဖော်ပေးကြစမ်းပါ။ တစ်ယောက်နဲ့တစ်ယောက် သတိပေးကြစမ်းပါ (မှန်ပါ)၊ မောင်ထွန်းလှိုင်ရေ တစ်ယောက်နဲ့တစ်ယောက် သတိပေးကြစမ်းကွာ၊ မင်းသတိမလွတ်နဲ့နော်၊ အိုနာသေဟာ မင်းဟာဖြစ်နေလိမ့်မယ် (မှန်ပါ့) မင်းသတိမလွတ်နဲ့နော် ဘေးအတန်တန်ရန်အထပ်ထပ်တွေဟာ မင်းဟာချည်း ဖြစ်နေ လိမ့်မယ် (မှန်ပါ)။

## သတိထားရင်မသေရာရောက်တယ်

အပ္ပမာဒေါ အမတံ ပဒံကိုး။ မမေ့မလျော့ဘဲနဲ့ သတိထားတဲ့ ပုဂ္ဂိုလ်သည် မသေရာအရပ်သို့ရောက်ကြောင်းဆိုတော့ မသေရာအရပ် ရောက်ပါတယ်ဆိုကတည်းက အိုနာလည်းမရှိတော့ဘူးပေါ့ (မှန်ပါ)။

ဒါဖြင့် ဒီထဲမှာ အဘွားကြီးတွေ ပါကြတယ်၊ လူကြီးတွေပါကြတယ်၊ လူလတ်တွေ ပါကြတယ်။ ဒါတွေဟာ အကုန်လုံး အိုကြဦးမယ် မဟုတ်လား (မှန်ပါ)၊ ဟာ ဒီ ဒကာဒကာမတွေ ဘယ့်နှယ်ကြောင့် အိုခြင်းဆိုးကြီးနဲ့ပဲ ရောက်အောင် ကြုံအောင် နေကြပါလိမ့်မလဲလို့ မေးလို့ရှိရင် နောက်က သူသတိလစ် လာခဲ့တယ်။ (မှန်ပါ) သတိလစ်ခဲ့တယ် (မှန်ပါ့) ဒကာသိုက် ဘာဖြစ်လို့တုံး မမေးနဲ့၊ သတိလစ်ခဲ့လို့ (မှန်ပါ့) ရိပ်မိကြပါလား (ရိပ်မိပါပြီ)။

ဒါဖြင့် ဘယ်သူမမာလို့သွားမေးရဦးမတဲ့ လို့ဆိုပြီး ခင်ဗျားတို့က သွားမေးကြတယ်၊ ဘာဖြစ်လို့ သူနာခြင်းဆိုးကြီးနဲ့ ကြုံနေသလဲ (သတိလစ်လို့ပါ)။ သတိလွတ်ခဲ့ပြန်ပြီ၊ ဘဝများစွာ သံသရာက သတိလွတ်ခဲ့ပြန်ပြီ (မှန်ပါ့) တော်တော်ကြာ သေသတဲ့၊ မသာပို့လိုက်ကြပါဦးတဲ့၊ ဒီအသေဟာ ဘယ်သူသေတာတုံးဆိုရင်ကော ရိပ်မိပါလား၊ သတိလွတ်တဲ့ ပုဂ္ဂိုလ်၏ အသေ (မှန်ပါ) ရိပ်မိပါလား (ရိပ်မိပါပြီ)။

## သတိလွှတ်တာသည်သေခြင်း၏အကြောင်း

ဒါဖြင့် မောင်စိန်ထွန်းရေ သတိလွှတ်တာသည်ကားလို့ ဆိုရင်ဖြင့် သေခြင်း၏ အကြောင်းလို့ ဘုရားဟောတော်မူလိုက်တာသည် ဒကာသိုက်တို့ တကယ်အရေးကြီးလို့ ဟောတာပေါ့ဗျာ (မှန်ပါ)။

ဒီဂါထာကို မမေ့ကြစေနဲ့နော်။ အားလုံးဆိုသလိုပဲ ရထားကြပါတယ်။ သို့သော်လည်း ဒါလောက် အဖိုးတန်မှန်း မသိကြဘူး (မှန်ပါ) အခုတော့ တန်လိုက်တဲ့ ဂါထာမှ မောင်ထွန်းအောင်ရေ သတိလွှတ်လိုက်လို့ရှိရင် သေခြင်း၏ အကြောင်းသာ မှတ်လိုက်ပါတော့ကွာ (မှန်ပါ) သတိမလွှတ်ရင် မသေခြင်း၏ အကြောင်းသာ မှတ်လိုက်ပါတော့တဲ့ (မှန်ပါ)။

ဒကာ ဒကာမတို့ သတိမလွှတ်ရင်ဘာတုံး (မသေခြင်း၏ အကြောင်းပါ)၊ သတိလွှတ်လိုက်ရင် (သေခြင်း၏ အကြောင်းပါ ဘုရား) ကဲဗျာ ဘယ်လောက်များမိသတုံး၊ ဘုရား ဟောတော်မူတာ (မှန်ပါမိပါတယ်) မောင်မြင့်တို့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးဟာ ဘယ်လောက်အဖိုးတန်တာ သုံးထား သလဲ (မှန်ပါ့) သတိလွှတ်လိုက်လို့ရှိရင်ဘာတဲ့တုံး (သေခြင်း၏ အကြောင်းပါ ဘုရား) သတိမလွှတ်တော့ဘူးဆိုရင် (နိဗ္ဗာန်၏ အကြောင်းပါ)။

## ဝေဒနာပေါ် တိုင်းဖြစ်ပျက်ကြည့်နေတဲ့ပုဂ္ဂိုလ်

ကဲ. . . ဒါဖြင့် မင်းတို့ဟာ မင်းတို့ ဝေဖန်ကြ။ အခု တရားနာတဲ့ ပုဂ္ဂိုလ်တွေက ဝေဖန်ကြ။ သတိလွှတ်အောင်နေတဲ့ အချိန်ကျလို့ရှိရင်ဖြင့်၊ အင်း . . . သေခြင်း၏ အကြောင်းလုပ် ပြန်ပြီ၊ သေခြင်း၏အကြောင်း လုပ်ပြန်ပြီလို့ ကိုယ့်ကိုယ်ကိုယ်သာ မြည်ကြတွန်ကြပေတော့ (မှန်ပါ)။ သတိမလွှတ်တဲ့ ပုဂ္ဂိုလ်တော့ ဝေဒနာတွေပေါ်တိုင်း ပေါ်တိုင်း ဖြစ်ပျက်ကြည့်နေတဲ့ ပုဂ္ဂိုလ် ကျတော့၊ အင်း မသေခြင်း၏ အကြောင်းကို သူတို့ကြိုးစားနေ တယ်ဆိုပြီး ဝမ်းမြောက်ကြ (မှန်ပါ)။

## ဒီနှစ်ကြိမ်ကိုခွဲလိုက်ရင်သိပ်ကောင်းမယ်

ဒါဖြင့် ကိုယ့်ကိုယ်ကိုယ် ဝမ်းမြောက်နိုင်တဲ့ အချိန်၊ ကိုယ့်ကိုယ်ကိုယ် အပြစ်တင်ရမည့်အချိန်၊ ဒီနှစ်ကြိမ်ကို ခွဲလိုက် ရင် ဒကာ ဒကာသိုက် သိပ်ကောင်းမယ် (မှန်ပါ) သတိလွှတ် တဲ့အချိန်ကျတော့ ကိုယ့်ကိုယ်ကိုယ် အပြစ်တင်ရမယ့်အချိန် (မှန်ပါ) မင်းဟာ သေဦးမှာပါပဲ၊ မင်းနေပုံနဲ့ သေဦးမှာပါပဲ၊ နာဦးမှာပဲ၊ ကမ္ဘာပျက်မီးလောင်ဦးမှာပဲ၊ အပါယ်တွေဟူသ၍ ဟာ မင်းရောက်စရာ ဌာနချည်းဖြစ်ဦးမှာပဲ၊ မဆိုထိုက်ဘူးလား (ဆိုထိုက်ပါတယ်)၊ ကိုင်း . . . မောင်ချစ်စိန်တို့ သတိ ဘယ် လောက်အရေးကြီးသတုံးကွ (ကြီးပါတယ်ဘုရား)။

## ပါဠိတော်ရှိနေလို့ပြောရဲတာ

ဒါဟာ ဘုန်းကြီးက စကားသိုင်းဝန်းပြီး ပြောကို. . . ပြောတတ်လို့ သတိ ဒါလောက်အရေးကြီးနေတာလို့ မင်းတို့ကလည်း မထင်လိုက်နဲ့ဦး။ ပါဠိတော်ရှိနေလို့ ပြောရဲတာ (မှန်ပါဘုရား) အပ္ပမာဒေါအမတံ ပဒံ၊ မမေ့ မလျော့ဘဲ သတိထားတဲ့ ပုဂ္ဂိုလ်သည် မသေရာနိဗ္ဗာန်သို့ ရောက်ကြောင်းအစစ်ဆိုတော့ သတိကလေးသာ ထားနေပါတဲ့ ဒကာဒကာမတို့၊ မသေရာနိဗ္ဗာန်သို့ ရောက်ကြောင်း အစစ်ပဲတဲ့ (မှန်ပါ) သတိကလေး လွတ်သွားလို့ရှိရင်ဖြင့် အဖန်ဖန် သေခြင်း၏ အကြောင်းတဲ့ (မှန်ပါ)။

ဒါဖြင့် ဘာအရေးကြီးသတုံး (သတိအရေးကြီးပါတယ်ဘုရား)။

## မမေ့မလျော့တဲ့ပုဂ္ဂိုလ်နိဗ္ဗာန်ရောက်မယ်

အပ္ပမတ္တာ နမိယန္တိ။ အပ္ပမတ္တာ - မမေ့မလျော့တဲ့ ပုဂ္ဂိုလ်တို့သည်၊ နမိယန္တိ - မသေနိုင်ကြကုန်။ မမေ့မလျော့တဲ့ ပုဂ္ဂိုလ်ဟာ ဘယ်တော့မှ မသေနိုင်တဲ့ နိဗ္ဗာန်ရောက်မယ်။ (မှန်ပါ) နောက်ဘယ်တော့မှ မသေတော့ဘူး။ သေစရာမရှိတော့ဘူး။ သတိထားနေတဲ့ ပုဂ္ဂိုလ်ဟာ ဘယ်တော့မှ မသေဘူးတဲ့ (မှန်ပါ)။

## သတိထားတော့ ဝေဒနာရဲ့ ဖြစ်ပျက်တွေ့တယ်

ဝေဒနာ ပေါ်တိုင်းပေါ်တိုင်း သတိထားနေတော့ ဝေဒနာ ဖြစ်တာပျက်တာကလေးတွေဟာ မတွေ့ပေဘူးလား (တွေ့ပါ တယ်ဘုရား) ပျက်တိုင်းပျက်တိုင်း တွေ့တယ်ဆိုတာ ဉာဏ်နဲ့ တွေ့တာ (မှန်ပါ) အဲဒီဉာဏ်နဲ့ တွေ့တယ်ဆိုကတည်းက၊ ခုနင်က သေခြင်း၏ အကြောင်းဖြစ်တဲ့ တဏှာတွေ ဥပါဒါန်တွေ လာသေးရဲ့လား (မလာပါဘူး) ကဲ . . . မပေါ်သေးဘူးလား . . . (ပေါ်ပါပြီ)။

## သေချင်သေးလို့လုပ်တဲ့ပုဂ္ဂိုလ်

ပေါ်လာပြီ ဒကာဒကာမတို့ အင်မတန် အရေးကြီးလို့ ပြောပါတယ် (မှန်ပါ) အဲဒီတော့ ခင်ဗျားတို့ သားရေး သမီးရေး စီးပွားရေး ဆွေရေးမျိုးရေး လုပ်နေတဲ့ ပုဂ္ဂိုလ်ဟာ ဝေဒနာ နုပဿနာ မရှုဘူး၊ သတိပဋ္ဌာန်လက်လွှတ်တဲ့အတွက် သေ ခြင်း၏ အကြောင်းကို လိုက်နေကြတာပဲ (မှန်ပါ)။

သားရေး သမီးရေး စီးပွားရေးလိုက်တဲ့ ပုဂ္ဂိုလ်သည် သားရေး သမီးရေး စီးပွားရေးလိုက်တာလား၊ သေခြင်း၏ အကြောင်းကို လိုက်နေတာလား (သေခြင်း၏ အကြောင်းကို လိုက်နေတာပါဘုရား) အဲ . . . သေချင်သေးလို့ လုပ်နေတာ။ တိုတိုပြောလိုက်တော့ (မှန်ပါ) သေချင်သေးလို့ လုပ်နေတာသည်

ခင်ဗျားတို့ ဘယ်အလုပ်တွေတုံးဆိုတော့ ခင်ဗျားတို့ သားရေး သမီးရေး စီးပွားရေးလုပ်နေတဲ့ ပုဂ္ဂိုလ် (မှန်ပါ)။

## မသေအောင်လုပ်တဲ့ပုဂ္ဂိုလ်

ဝိပဿနာအလုပ်ကို သတိထားလုပ်နေတဲ့ ပုဂ္ဂိုလ်က တော့ မသေအောင်လုပ်နေတဲ့ ပုဂ္ဂိုလ် (မှန်ပါ)။

ဒါဖြင့် ခင်ဗျားတို့ ပြောင်းပြန်ကြီးဖြစ်နေပြီ (မှန်ပါ)။ သားရေး သမီးရေး စီးပွားရေး လုပ်နေတာသည် ဒကာဒကာမ တို့ အဖန်ဖန်သေချင်သေးလို့ (မှန်ပါ့) သတိပဋ္ဌာန် အလုပ် လက်လွတ်နေခြင်းသည် အဖန်ဖန် သေချင်သေးလို့ (မှန်ပါ) သတိပဋ္ဌာန်လက်လွတ်မနေတဲ့ ပုဂ္ဂိုလ်သည် အဖန်ဖန် မသေရ တော့ဘူး၊ မသေရာ နိဗ္ဗာန်ရောက်ကြောင်းလို့ ဘုရားက ဟောလိုက်သေးတယ် (မှန်ပါ့) ကိုင်း . . . ဘယ်လောက် အဖိုး တန်သလဲ (တန်သွားပါတယ်ဘုရား)။

## ဝီရိယထက် သတိက ပိုအရေးကြီးတယ်

ဒါကြောင့် ဒကာဒကာမတို့ မနေ့က ဝီရိယကိုတော့ ဘုန်းကြီးက အသားယူပြီးသကာလ အမျိုးမျိုးအဖုံဖုံ ဘုန်းကြီး က ဘုရားဟော ပါဠိတွေနဲ့ ပြောလိုက်ပါတယ်၊ (မှန်ပါ) သို့သော် သူ့ထက် ပိုမိုပြီး သတိအရေးကြီးတယ် (မှန်ပါ)။

ဒါကြောင့် ပါဠိတော်ကို ကြည့်ပါ။ ဟုတ်လား စာအုပ်ကို ကြည့်ကြပါ။ သတိပဋ္ဌာန်စာအုပ်လို့ ရေးထားတယ်။ မောင်ထွန်းလှိုင် ဘယ်လိုဖတ်မိသတုံးကွာ၊ (သတိပဋ္ဌာန်စာအုပ်ပါဘုရား) သတိအရေးကြီးလို့ပေါ့ကွာ (မှန်ပါ) ဝီရိယပဋ္ဌာန်စာအုပ်ရယ်လို့ လာရဲ့လား (မလာပါဘူး) မလာဘူး မလာဘူးကိုထွန်းအောင်။ သတိအရေးကြီးလို့ပေါ့ (မှန်ပါ့)။

ဘုရားသခင်ကိုယ်တော်မြတ်ကလည်း စတ္တာရော သတိပဋ္ဌာနာတဲ့ မောင်ထွန်းရင်ရေ လာပြန်ပြီ (မှန်ပါ) ဘာလာသတုံး - (စတ္တာရော သတိပဋ္ဌာနာ)၊ စတ္တာရော သတိပဋ္ဌာနတဲ့။ သတိပဋ္ဌာန်က အရေးကြီးတယ်နော်၊ သတိပဋ္ဌာန်တရား လေးပါးအရေးကြီးတယ်နော် မပြောဘူးလား (ပြောပါတယ်)။

ဒကာ ဒကာမတွေကသာ သတိဆိုတာ သာမညအောက်မေ့နေကြတယ်၊ ဘုရားသခင်ကိုယ်တော်မြတ်ကြီးကတော့လည်း သတိကို အရေးတကြီးပြောနေတယ် (မှန်ပါ)၊ ကဲ . . . ဉာဏ်ရောက်ကြပါလား (ရောက်ပါပြီ ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ခုနင်ကပြောခဲ့တဲ့ သဘောတွေသာ မှတ်ကြပါတော့နော် (မှန်ပါ) မှတ်ကြပါတော့။ မသေသင့်ဘဲနဲ့သေ၊ ခလုတ်မတိုက်သင့်ဘဲနဲ့တိုက်၊ အပါယ်မရောက်သင့်ဘဲနဲ့ ရောက်ရတာဟာ ဒကာဒကာမတို့ ဘယ်သူတုံး (သတိလက်လွတ်လို့ပါဘုရား)၊ သတိလွတ်တဲ့ ပုဂ္ဂိုလ်ချည်းပဲ (မှန်ပါ)။

အဲဒါကြောင့် သတိလွတ်လိုက်ပြီဆိုတဲ့ တစ်နေ့ကျလာလို့ရှိရင်ဖြင့် ဒကာသိုက်ရေ ယခုဘဝ ဘဝသေခြင်းဆိုး (မှန်ပါ) အပါယ်ကျလို့ရှိရင် နေခြင်းဆိုး . . . (မှန်ပါ)။

## ဝေဒနာပေါ်တိုင်း မမေ့စေနဲ့

ဒါဖြင့် ဒကာ . . . ဒကာမတို့ကို ဝေဒနာပေါ်တိုင်း ပေါ်တိုင်း မမေ့စေနဲ့ ဆရာဘုန်းကြီးက မှာတာဗျား . . . ခင်ဗျားတို့ကို မသေတဲ့ဆီပို့နေတာ (မှန်ပါ)၊ ခင်ဗျားတို့က ဆရာဘုန်းကြီးကတော့ ဟောရှာပါရဲ့ - လုပ်မနေနဲ့ သေချင်တဲ့ အသံကြီးထွက်မလာခဲ့နဲ့ (မှန်ပါ) ရိပ်မိပလား (ရိပ်မိပါပြီ)။

ခင်ဗျားတို့က အင်း . . . ဆရာဘုန်းကြီးကတော့ ဟောရှာပါတယ်။ ကိုယ့်ကိုယ်က ကိုယ့်ကိုယ်ကဆိုပြီး သကာလ တစ်ခါတည်း မလုပ်ဖြစ်ဘူး ဘက်ကို လှည့်သွားတယ် (မှန်ပါ)၊ ကိုယ့်ကိုယ်က မလုပ်ဖြစ်ဘူးဆိုတော့ ကိုယ့်ဟာကိုယ် ဆုံးဖြတ်ချက်ချ၊ ဩော် . . . နင်မိုက်ပုံကဖြင့် နင်အဖန်ဖန် သေချင်လို့ ဆိုတဲ့ အခိပ္ပါယ်က မရောက်သေးဘူးလား (ရောက်ပါတယ်)။

## ဆားမပါရင် ဘယ်ဟင်းမှ မကောင်းဘူး

ကဲ . . .. ဒါဖြင့် ဒကာဒကာမတို့ ဘာအရေးကြီးနေတယ်ဆိုတာ ပေါ်လာကြပါလား (ပေါ်ပါပြီ) ဘာအရေးကြီး

သတုံး (သတိအရေးကြီးပါတယ်) ဒကာသိုက်ရေ သတိဟာ အလုံးစုံတို့ထက် ပိုမိုအရေးကြီးတယ် (မှန်ပါ့) ချက်ချင်တဲ့ ဟင်း ချက်ပါ၊ ဆားမပါရင် ဘယ်ဟင်းမှ မကောင်းဘူး။ ဘယ့်လောက် အဘိုးတန်တဲ့ ဟင်းချက်ချက် မကောင်းဘူး။ (မှန်ပါ့) ဒီဟာလည်း ဘယ်အလုပ်ကိုလုပ်နေနေ ဒကာဒကာမတို့ သတိမပါလို့ရှိရင် ဘယ်အလုပ်မှ မပြီးဘူးသာ အောက်မေ့ကြ (မှန်ပါ့) ပြီးနိုင်သေး ရဲ့လား (မပြီးနိုင်ပါဘူး) ဆားမပါတဲ့ဟင်း ဘယ်ဟင်းမှ မကောင်း သလို၊ သတိမပါတဲ့ အလုပ်သည် ဘယ်အလုပ်မှ မကောင်း (မှန်ပါ့) မအောင်မြင်တော့ဘူးလို့ မဆိုထိုက်ဘူးလား (ဆိုထိုက် ပါတယ်)။

## သတိလွတ်ကင်းလို့ ဖြစ်ကြရတာ

အေး . . . ဒါကြောင့် သတိဟာ အရေးကြီးလိုက်တာ၊ ကျောင်းဝင်ရင် ဟိုကျောင်းလည်း ခွေးတွေနဲ့၊ ဒီကျောင်းလည်း ခွေးတွေနဲ့။ ဒီခွေးတွေ ဘယ်ကလာတာပါလိမ့်။ သတိလွတ် ကင်းလို့ ခွေးဖြစ်လာတာပဲ (မှန်ပါ့)၊ ရိပ်မိပလား (ရိပ်မိပါပြီ) ဟိုပုရွက်ဆိတ်တွင်းထဲက ပုရွက်ဆိတ်တွေဟာ ဘယ့်နှယ်ကြောင့် ပုရွက်ဆိတ်ဖြစ်လာတာပါလိမ့် (သတိလွတ်ကင်းလို့ပါဘုရား) ဒီထဲ ငါးတွေများလိုက်တာ ဆိုတာက ဘာပါလိမ့် (သတိလွတ် ကင်းလို့ ဖြစ်လာတာပါ)။

ဒါဖြင့် သတိလွတ်တဲ့ ပုဂ္ဂိုလ် အရေအတွက်ဟာ ခင်ဗျားတို့ လူဦးရေနဲ့ စာလိုက်လို့ရှိရင် ဘယ်သူက များသတုံး၊ (သတိလွတ်တဲ့ပုဂ္ဂိုလ်တွေ များပါတယ်)၊ လူ့ပြည်တစ်တိုင်းပြည်လုံး ဟာ သူတို့တစ်တွင်းစာလောက် ခြတွင်းကြီး တစ်တွင်းစာလောက် ရှိတော့မပေါ့ (မှန်ပါ)။

အဲဒီတော့ ဩော် . . . သတိလွတ်လို့ဖြစ်နေတဲ့ ပုဂ္ဂိုလ်တွေကို ရေတွက်ကြည့်လိုက်လို့ရှိရင်ဖြင့် မရေတွက်နိုင်အောင် များတယ် ဆိုတာကော မပေါ်လာဘူးလား (ပေါ်လာပါတယ်)။

## သတိလွတ်ချိန်များရင် ခြတွင်းထဲရောက်လိမ့်မယ်

ကဲ . . . တစ်ခါ ခင်ဗျားတို့လည်း သတိလွတ်တဲ့အချိန်နဲ့ ဝေဒနာလေးပေါ်တိုင်းပေါ်တိုင်း သတိလွတ်တဲ့အချိန်နဲ့ သတိရှိတဲ့အချိန်နဲ့ ဘယ်သူကများသတုံး . . . (သတိလွတ်တဲ့ အချိန်က များပါတယ်ဘုရား) သွားပါလိမ့်ဦးမယ်၊ အဲဒီ ခြတွင်းကြီးထဲ ရောက်ပါလိမ့်ဦးမယ် (မှန်ပါ) ရောက်မယ် ရောက်မယ် ခင်ဗျားတို့ ဒီလိုနေပုံနဲ့သာဖြင့် ရောက်ဖို့က များနေတယ် (မဖြစ်ချင်ပါဘုရား)၊ အဲ . . . မဖြစ်ချင်ရင် သတိမလစ်နဲ့လေ၊ (မှန်ပါ) သတိလစ်လို့ရှိရင်တော့ မရဘူး (မှန်ပါ)။

သတိတော့ မလစ်ဘူးဆိုတဲ့ဥစ္စာဖြင့် ဒကာဒကာမတို့ ဘုန်းကြီးကလည်း မလစ်စရာနေရာတွေကို အမျိုးမျိုးအဖုံဖုံ ပေးထားတယ်။ မပေးဘူးလားဗျာ (ပေးပါတယ်ဘုရား)။

## စားချင်လာတာ ဒုက္ခဝေဒနာပေါ်တာ

စားချင်တယ်လို့ ပြောလိုက်တယ်၊ စားချင်တာသည် ကားလို့ဆိုလို့ရှိရင် ဆာလောင်မွတ်သိပ်လာတာ မဟုတ်လား (မှန်ပါ) စားချင်တယ်ဆိုရင်ဖြင့် ဒကာဒကာမတို့ သတိမလစ်နဲ့ အဲဒါ ဒုက္ခဝေဒနာပေါ်တာ (မှန်ပါ) ဟော ဆရာဘုန်းကြီးက သင်ထားပြီ။

## ရေသောက်ချင်တာ ဒုက္ခဝေဒနာ

ဒကာသိုက်ရေ စားချင်တာဘာတုံး (ဒုက္ခဝေဒနာပါဘုရား) ဆာလောင်မွတ်သိပ်တာ ဘာတုံး (ဒုက္ခဝေဒနာပါ) ရေသောက်ချင်တာ ဘာတုံး (ဒုက္ခဝေဒနာ ပေါ်တာပါ) အဲဒါတွေ ခင်ဗျားတို့က သတိလစ်လစ်ပြီး ရေသာသွားသောက်တယ်၊ ဒုက္ခဝေဒနာကလေး ဖြစ်လို့ ပျက်တယ်လို့ သိကိုမသိဘူး။ လစ်လိုက်တဲ့ သတိကလည်း မပြောနဲ့တော့၊ (မှန်ပါ့) ကြာတော့ ရေတောင် နင်ဦးမလိုလို ဖြစ်သေးတယ်၊ ခင်ဗျားတို့ ဟာလစ်လိုက်တဲ့သတိကလည်း (မှန်ပါ) ရိပ်မိပလား (ရိပ်မိပါပြီ)။

## ဆာလောင်တာဟူသ၍ ဒုက္ခဝေဒနာ

ရေသောက်ချင်တာ ဘယ်သူတုံး (ဒုက္ခဝေဒနာပါဘုရား) အဲဒါ သတိထားမိကြရဲ့လား (မထားမိပါဘူး) မိုးကြိုး

ပစ်ပါလိမ့်မယ်၊ ခင်ဗျားတို့ သေခြင်းဆိုးသေပါလိမ့်။ ရိပ်မိပလား (ရိပ်မိပါပြီ)။

## ဝေဒနာပေါ်ရင် ပျက်တယ်လို့ ရှုပြီးမှသောက်

မောင်စိန်ထွန်းရေ ဆာလောင်မွတ်သိပ်တာဟူသ၍ဘာ ဝေဒနာတုံး (ဒုက္ခဝေဒနာပါ) အဲ . . . ဒုက္ခဝေဒနာကလေး ပေါ်လာပြီ၊ ပျက်တယ်ဆိုတာ ခင်ဗျားတို့ ရှုပါဦးလား၊ ပြီးတော့မှ ခင်ဗျားတို့ ရေသောက်ချင်သောက်တာပေါ့ (မှန်ပါ)။

အခုတော့ ရေတစ်နေ့ ဘယ်နှခါ သောက်သတုံး။ နွေခါမို့ ဘုရား တစ်နေ့ ၄-၅-၈ ခါတော့ သောက်ရတာပါပဲ။ လက်ဖက်ရည်ကကော။ လက်ဖက်ရည်ကလည်း တယ်မပြတ်ပါဘူး။ သတိရမိရဲ့လားလို့ မေးတော့ ဒုက္ခဝေဒနာ ပေါ်တယ်လို့ သတိရမိရဲ့လားဆိုတော့ ပန်းကန်သာကုန်သွားတယ်၊ ခင်ဗျားတို့က သတိမရဘူး (မှန်ပါ့) ရိပ်မိပလား (ရိပ်မိပါပြီ)။

## သေမင်းက ဒယ်အိုးထဲပို့တယ်

အဲဒီအချိန်မှာ သေမင်းက ကိုင်း . . . ခုနက ကြွက်သတိလစ်နေတဲ့နေရာ ကြောင်စောင့်ခုတ်သလို၊ ခင်ဗျားတို့ သတိလွတ်တုံးမှာ သူက ခုတ်ချလိုက်တာပဲ (မှန်ပါ့) အဲဒီ ခုတ်ချလိုက်တာကျတော့ ခင်ဗျားတို့မှာ ကန့်လန့်ကန့်လန့် ပါပြီး

သကာလ ဒယ်အိုးထဲ ရောက်ရတော့တာပေါ့ (မှန်ပါ့) ရိပ်မိပလား (ရိပ်မိပါပြီ)။

ဒါဖြင့် ဘုန်းကြီးတို့ ဒကာဒကာမတွေ သတိမလစ်ဖို့အရေးဟာဖြင့် အထူးပဲ အရေးကြီးတော့တယ်ဆိုတာ မပေါ်လာသေးဘူးလား (ပေါ်လာပါပြီ ဘုရား)။

အေး . . . ဒါဖြင့် ကြပ်ကြပ်သတိထားကြစမ်းပါ။ သတိမလစ်စေနဲ့။ ထမင်းစားတိုင်းစားတိုင်း ဘာဝေဒနာ ပေါ်သတုံး (ဒုက္ခဝေဒနာပေါ်ပါတယ်) ရေသောက်ချင်တိုင်း သောက်ချင်တိုင်း (ဒုက္ခဝေဒနာပေါ်ပါတယ်) လက်ဘက်စားချင်တိုင်း စားချင်တိုင်း (ဒုက္ခဝေဒနာပေါ်ပါတယ်) ဒုက္ခဝေဒနာပေါ်တယ်ဆိုတာ ရိပ်မိပလား (ရိပ်မိပါပြီ)။

## သတိလစ်ပြီး မီးချစ်ကိုပြောင်းပြန်ချစ်တယ်

အေး . . ဒါဖြင့် အဲဒါတွေသည်ကားလို့ ဆိုရင်ဖြင့် ကိုယ့်လက်ဖက်နဲ့ ကိုယ်ဆေးလိပ်နဲ့ကို ဒေါ်ရွှေ တော်တော်နေရကျမယ် (မှန်ပါဘုရား)၊ ဒုက္ခဝေဒနာတွေ တွေ့သွားမှာကိုး။ ဒုက္ခဝေဒနာတွေ့လို့ရှိရင်ဖြင့် မောင်စိန်ထွန်းရေ ဒုက္ခဝေဒနာ ပျက်သွားမယ်။ အပျက်တွေ့မှာပဲ (မှန်ပါ့) အခုတော့ မင်းတို့ သံဘူးတစ်ဘူးလောက်သာ ဆေးလိပ် ၅၀ ဘူးကုန်ရင်သာ ကုန်သွားမယ်။ သတိက တစ်ခါမှ မပါဘူး (မှန်ပါ)၊ ကုန်တာတောင် မသိ

သေးဘူး၊ မေးယူရသေးတယ်၊ သတိများ မထားလိုက်တာ (မှန်ပါ)၊ ပထမယူတုန်းက ဘယ်နှလိပ်ကျန်တယ်လို့မသိဘူး၊ ကုန်ပြီလား မေးရသေးတယ်။ (မှန်ပါ) ဒီကတည်းက သတိက ပါသေးရဲ့လား (မပါပါဘူး) သတိမပါတော့ တစ်ခါတလေကျ တော့ မီးခြစ်တောင် ပြောင်းပြန်ခြစ်လိုက်သေးတယ် (မှန်ပါ) သတိက လွတ်လိုက်တဲ့ဖြစ်ခြင်း (မှန်ပါ့)။

## ရဟန်းတစ်ပါးကို ဘုရားက ဆုံးမတယ်

သတိလွတ်လိုက်တဲ့ဖြစ်ခြင်းသည်ကားလို့ ဆိုရင် ဒကာ ဒကာမတို့ အမှန်ကို ရောက်သေးရဲ့လား (မရောက်ပါဘူး) အဲဒါကြောင့် သတိသည်ကားလို့ဆိုရင် အထူးတလည် အရေး ကြီးတယ်ဆိုပြီး ဘုရားသခင် ကိုယ်တော်မြတ်ကြီးက "သတိ မလစ်နဲ့ဟ . . . သတိမလစ်နဲ့ဟ" ဆိုပြီးတော့ ရဟန်းတစ်ပါးကို ဆုံးမတယ် (မှန်ပါ)။

## ဝေဒနာနုပဿနာပေးလိုက်တယ်

ဘယ်လိုဆုံးမလိုက်သတုံးလို့ မေးလိုက်တဲ့အခါကျတော့၊ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဝေဒနာ နုပဿနာကို ရဟန်းတစ်ပါးပေးလိုက်တယ် (မှန်ပါ) ဝေဒနာ နုပဿနာ ပေး လိုက်တယ်။ မင်း ဝေဒနာတွေ ပေါ်တိုင်း ပေါ်တိုင်း ဆာလောင်

မွတ်သိပ်လည်းသိနော် . . . စားချင်လည်းသိ၊ သောက်ချင်လည်း သိ။ အကုန်သိပေး။ ထ-တာလည်းသိ ကြွတာလည်းသိ၊ ကွေး တာလည်းသိ၊ ဆန့်တာလည်းသိလို့ ဘုရားက ပေးလိုက်တယ်။ ဒါ ဝေဒနာချည်းပဲ မဟုတ်လား (မှန်ပါ့)။

အဲ. . . ကွေးချင်တယ်ဆိုကတည်းက ဒကာဒကာမတို့ ဆန့်တာဟာ ညောင်းလို့ မဟုတ်လား။ (မှန်ပါ့) ဆန့်တာက ဒုက္ခ ဝေဒနာ။ ကွေးချင်တာကလည်း ဝေဒနာမပေါ်ဘူးလား (ပေါ်ပါ တယ်) အကုန်မပေါ်တာကို ရှိသေးရဲ့လား (မရှိပါဘူး)၊ မရှိဘူး အကုန်ပေါ်နေတာပဲ (မှန်ပါ) အဲဒါတွေကို မင်းကြပ်ကြပ်သတိ ထားလို့ ဘုရားက သတိပဋ္ဌာန်အလုပ်ကို တရားပေးလိုက်တယ်။

## တောထဲမှာ သွားပြီးအားထုတ်တယ်

ကျောင်းတော်ကနေပြီး ဘုရားက ပေးလိုက်တဲ့ အခါ ကိုယ်တော်ကလေးက တောထဲသွားပြီး အားထုတ်တယ်။ နေရာကိုင်းပဲ သတိထားတယ် (မှန်ပါ) သတိထားပေမယ့်လည်း တရားက နုပြီးသကာလ နေတော့ မောင်သစ်တရားဟာ မပေါ် လာဘဲ ဖြစ်နေတယ် ဒကာဒကာမတို့ (မှန်ပါ)။

မပေါ်လာတာနဲ့ ဩော် . . . ဘုရားပေးလိုက်တဲ့ တရားတော်ဖြင့် နှစ်လသုံးလရှိပြီ ကြိုးစားတယ်၊ ဘယ်လိုမှလည်း မဂ္ဂင်အစစ်မပေါ်လာ။ မပေါ်လာတော့ ဘုရားဆီသွားပြီး ကိုယ့်

စရိုက်နဲ့ မတော်လို့လား၊ သို့မဟုတ် ဘာများချို့ယွင်းချက်ရှိလို့ပါလိမ့်မလဲဆိုပြီးတော့၊ သူ့စိတ်ထဲ သံသယရှိတာနဲ့ တောကျောင်းကနေပြီးတော့ ဘုရားကျောင်းတော်ရောက်အောင်ပြန်တာကိုးကွ။ ပြန်တဲ့အခါကျတော့ အခုလို နွေရာသီနဲ့တူပါတယ်။ တောမီးတွေက တစ်ခါတည်း ကျောက်စရစ်တစ်ခုနဲ့ တစ်ခု၊ ဝါးတစ်ခုနဲ့ တစ်ခုစသည် ပွတ်ပြီး လောင်တာပေါ့ဗျာ (မှန်ပါ)။

## တောမီးကအားလုံးကို လောင်တယ်

မီးတွေထလောင်ပြီး မီးတွေက သူ့အနားနီးနီးလာတာနဲ့ တောင်ပေါ်တက်ပြေးတယ် (မှန်ပါ)၊ တောင်ပေါ်ကနေပြီး ကြည့်နေတော့ သူ့စိတ်ထဲမှာက၊ ဩော် . . . ဒီမီးဟာ ကြည့်စမ်း မြက်ငယ်ကလေးတွေလည်းလောင်တာပဲ၊ မြက်ရှည်ကြီးတွေလည်း လောင်တာပဲ။ သစ်ပင်တွေလည်းလောင်တာပဲ၊ အငယ်ရော၊ အလတ်ရော၊ အကြီးရော ဒီမီးဘာမှ မရှောင်ပါကလား၊ အကုန်လောင်တာပါကလား (မှန်ပါ)၊ သူ့စိတ်ထဲက ဒီလို အောက်မေ့နေတယ် (မှန်ပါ)။

## သူ့ခန္ဓာကိုယ်ပြန်ကြည့်တယ်

ဒါနဲ့ သူ့ခန္ဓာကိုယ် ပြန်ကြည့်တယ်၊ ပြန်ကြည့်တော့ ဩော် . . . ခန္ဓာကိုယ်ထဲမှာ ဝေဒနာနုကလေးတွေလည်း ပျက်

တာပဲ၊ ဝေဒနာအလတ်စားတွေကော (ပျက်ပါတယ်)၊ ဝေဒနာအကြီးတွေကော (ပျက်ပါတယ်)။

မီးကို နမူနာထားတာကိုးဗျ (မှန်ပါ့) မီးဟာ ကြည့်စမ်းဒကာ ဒကာမတို့၊ မြက်ငယ်ကလေးတွေကော မလောင်ဘဲနဲ့ ရှပ်သွားသလား (လောင်ပါတယ်)၊ မြက်လတ်တွေကော (လောင်ပါတယ်)၊ မြက်ကြီးတွေကော (လောင်ပါတယ်)၊ သစ်ပင်ငယ်တွေကော (လောင်ပါတယ်)၊ သစ်ပင်လတ်တွေကော (လောင်ပါတယ်)၊ သစ်ပင်ကြီးကြီးတွေကော (လောင်ပါ တယ်) တောမီးသာဆိုရင် ဘယ်သူ့ရှောင်သေးသတုံး (ဘယ်သူ့မှ မရှောင်ပါဘူး)၊ အကုန်ရှိသမျှ တောက်လျှောက်သိမ်းပြီး လောင်တာပဲ (မှန်ပါ့) တစ်ခါတည်း လေတိုက်သလို လောင်ချတာပဲ ဒကာသိုက် မြင်ဖူးပါလိမ့်မယ်ဗျာ (မြင်ဖူးပါတယ်ဘုရား)၊ ဘာများချန်ထားခဲ့သေးသလဲ (ဘာမှမချန်ခဲ့ပါဘူးဘုရား)။

## ဇရာ မရဏ မီးလောင်လို့ပျက်တယ်

မီးဟာ ဘာမှ မချန်ခဲ့သလို ဒီမှာလည်း ဉာဏ်ထဲမှာကြည့်လိုက်လို့ရှိရင်ဖြင့်၊ ဒုက္ခငယ်ကလေးလည်း ဇရာ မရဏမီးလောင်လိုက်တာ ပျက်သွားတာပဲ (မှန်ပါ့) ဒုက္ခအလတ်စားတွေကော (ပျက်သွားပါတယ်)။ ဇရာ မရဏ မီးလောင်လိုက်တာ ပျက်သွားတာပဲ။ သဘောကျပလား (ကျပါပြီ) ဒုက္ခကြီး

တွေကော (ပျက်သွားတာပဲ) ဇရာ မရဏမီးလောင်ရင် ပျက်သွားတာပဲ (မှန်ပါ)၊ အလိုလိုပျက်တာဟုတ်ရဲ့လား (မဟုတ်ပါဘူး)၊ ဇရာ မရဏမီးလောင်လို့ ပျက်တာချည်းပဲ (မှန်ပါ)။

## သူ့စိတ်ထဲအကုန်ထင်လာတယ်

အဲဒီမှာ ဉာဏ်ကကြည့်ပြီး သူက ဟိုမီးတွေကြည့် လေလေ မြက်ငယ်ကလေးတွေလောင်တာကြည့်။ မြက်ကြီး တွေ လောင်တာကြည့်။ မြက်လတ်တွေ လောင်တာကြည့်။ အကုန်လောင်တာပါလား အကုန်လောင်တာပါလား အကုန်လောင်တာပါလား။ ဒီလိုပဲ ကိုယ့်သန္တာန်ကြည့်လိုက်တဲ့ ဝေဒနာကလေးတွေဟာလည်း ပေါ်စဝေဒနာကလေးတွေလည်းပျက်သွားတာပဲ။ တော်တော်ကျင်စ ဝေဒနာကလေးလည်းပျက်၊ တော်တော်ကျင်လာတာကြီးလည်း ပျက်သွားတာပဲ။ အင်မတန်ကျင်လာတာကြီးတွေကော (ပျက်တာပါပဲ)။ ပျက်တာချည်းပဲဆိုပြီး သကာလ တောမီးအကုန်လောင်သလို သူ့စိတ်ထဲမှာ အကုန်ထင်လာတာကိုး (မှန်ပါ)။

## မမေ့နဲ့ သတိနဲ့ ရှုနေလို့ဘုရားကမှာတယ်

အဲဒီတွင်မှ ဘုရားသခင်ကိုယ်တော်မြတ်က ငါ၏တပည့်သားကဖြင့်၊ တောမီး နမူနာထားပြီးသကာလ ယခုရှုလိုက်

တာသည်ကားလို့ဆိုရင်ဖြင့် သတိမလွတ်တဲ့အတွက် အတော်ကလေး ခရီးပေါက်လာပါပေါ့လား . . . (မှန်ပါ)၊ ကျောင်းတော်ကနေ ကြည့်နေတယ် (မှန်ပါ)၊ အဝေးကြီး. . . အဝေးကြီး။ ကျောင်းတော်နဲ့ ဒီကိုယ်တော်ကလေး တောခုလပ်မှာ တောင်ပေါ်တက်ပြီး တောင်ပေါ်ကနေပြီး မီးတွေကြည့်ပြီး ခန္ဓာတွေကြည့်နေတာနဲ့ဟာ အဝေးကြီး . . . (မှန်ပါ)၊ အဲဒီ တွင်မှ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက "**အပ္ပမတ္တာ သဒါဟောထ၊ သစိတ္တ မနုရက္ခထ**" မမေ့နဲ့ဟော့နော်. . . မမေ့နဲ့။ သတိကလေးကြည့်နေ . . . သတိနဲ့ကြည့်နေ. . . ဟုတ်လား (မှန်ပါ)။

"**သံယောဇနမဏုံထူလံ၊ ဂဟံ အဂ္ဂီဝဂစ္ဆတိ**" ဟင်း. . . သံယောဇဉ်တွေကို မင်းရဲ့ သတိပညာကလေးတွေက အကုန်လောင်နေပြီကွ။ မင်းရှုနေတဲ့ ဉစ္စာသည် သံယောဇဉ် လောဘအငယ်ကလေးတွေလည်း အကုန်လောင်နေပြီ။ဒေါသငယ်ကလေးတွေလည်း အကုန်လောင်နေတယ်။

## မင်္ဂမီးကလောင်ပစ်လိုက်ပြီ

မင်းက . . . ဝေဒနာကလေးတွေလည်း အသေးကလေးတွေရှု၊ အလတ်ကလေးတွေရှု၊ အကြီးတွေလည်းရှု၊ မီးလောင်သလိုလောင်တာ ကလေးတွေ မင်းရှုနေတာနဲ့၊ မင်းသန္တာန်မှာ ကိလေသာ အငယ်ကလေးတွေလည်း မဂ်မီးလောင်

ဟာ။ ကိလေသာ အလတ်ကလေးတွေလည်း မင်းရှုနေတဲ့ မဂ်မီးကလောင်ပစ်လိုက်ပြီတဲ့။ ရိပ်မိပါလား (ရိပ်မိပါပြီ ဘုရား)။ ကိလေသာ အကြီးစားတွေလည်း မင်းရှုနေတဲ့မဂ်မီးက လောင်ပစ်လိုက်ပြီဟေ့. . . တဲ့။ ဘုရားက ကျောင်းပေါ် ကနေ ဟော နေတာကိုး . . . (မှန်ပါ)။

## ကိလေသာတွေ ဉာဏ်မီးကြောင့်လောင်ကုန်ပြီ

ကိုင်း. . . မောင်စိန်ထွန်း ဘယ့်လောက်အဖိုးတန်သလဲ (တန်ပါတယ်ဘုရား)၊ မင်းကြည့်နေတဲ့ မီးကမြက်ငယ်ကလေးတွေလည်း လောင်တယ်၊ မြက်ကြီးတွေလည်းလောင်တယ် သစ်ပင်ကြီးတွေလည်း လောင်တယ်လို့ မင်းရှုနေသဖြင့် မင်းကလည်း ဒါတွေ နမူနာထားပြီး ဝေဒနာအငယ်ကလေးတွေလည်း ပျက်တာပဲ၊ ဝေဒနာအလတ်လည်းပျက်တာပဲ၊ ဝေဒနာအကြီးလည်း ပျက်တာပဲ။ မင်းက ဒါတွေကိုဉာဏ်ကလေးနဲ့ ရှုနေတော့၊ မင်းရှုနေရင်းမတ္တာနဲ့ ကိလေသာ အငယ်ကလေးတွေလည်း လောင်ပြီကွ . . လို့ ဘုရားက သိမ်းဆည်း ပေးတယ် (မှန်ပါ) မင်းရှုနေတဲ့အတွက် ကိလေသာ အငယ်စား ကလေးတွေလည်း မဂ်မီးကလောင်လို့ပြောင်ပြီကွ။ ကိလေသာ အလတ်စားတွေလည်း မဂ်မီးကလောင်လို့ပြောင်ပြီကွ . . ။ ကိလေသာ အကြီးစားတွေလည်း မင်းရှုနေတဲ့ ဉာဏ်မီးကြောင့် လောင်ကုန်

ပြီကွ၊ ကြိုးစားလိုက် ကြိုးစားလိုက် ငါ၏ ချစ်သား ကြိုးစားလိုက် ဆိုပြီး ကျောင်းတော်ကနေပြီး အားပေးတယ်။ (မှန်ပါ)။

## သတိထားပြီး ဉာဏ်အားနဲ့ရှုလိုက်တယ်

ဒီကလည်း အကုန်ကြားပြီးနေတယ် (မှန်ပါ) ဒီက အကုန်ကြားပြီး နေတော့ ဘုရားကလည်း အားပေး၊ သူကလည်း ရှုအားက သတိထားပြီး ဉာဏ်အားနဲ့ ရှုလိုက်တဲ့ အခါကျတော့၊ မောင်ထွန်းလှိုင် အဲဒီနေရာတင်ပဲ တောမီးပုန်းရင်း တောမီး ကာကွယ်ရင်း၊ တောမီးကြောင့် တောင်ပေါ်တက်ပြီး တောမီး နမူနာထားပြီးသကာလ ဝေဒနာဖြစ်ပျက်တွေကို ရှု ရှုပြီး သကာလ၊ ဝေဒနာဖြစ်ပျက်တွေကို ရှု ရှုပြီးသကာလ၊ ကိလေသာ အငယ်စား၊ အလတ်စား၊ အကြီးစားတွေရော မဂ်ဉာဏ်က အကုန်လောင်ပစ်တာကိုး . . . (မှန်ပါ) အဲဒီနေရာတွင်ပဲ ဒီကိုယ် တော်ရဟန္တာဖြစ်တယ် (မှန်ပါ) မောင်စိန်ထွန်း ဘယ်လောက် အဖိုးတန်တယ်ဆိုတာ သဘောကျပြီလား (ကျပါပြီ)။

## ဒီနေရာမှာပဲရဟန္တာဖြစ်သွားတယ်

ဒါကြောင့် အပ္ပမတ္တာသဒါ ဟောထ၊ သစိတ္တမနု ရက္ခထ၊ အလုံးစုံ မိမိစိတ်ကိုဖြင့် သတိနှင့်အမြဲစောင့်ရှောက် ကြစမ်းပါ။ မေ့လျော့တဲ့ သဘောကလေးနဲ့ဖြင့် နည်းနည်းမှ မနေလိုက်

ကြပါနဲ့တဲ့ . . . ဟုတ်လား (မှန်ပါ)၊ သံယောဇန မဏုံထူလံ၊ ဂဟံအဂ္ဂိ ဂစ္ဆတီတဲ့ . . . အငယ်အကြီးဖြစ်တဲ့ သံယောဇဉ်တို့သည်ကားလို့ဆိုရင်ဖြင့်၊ မြက်မီးလောင်လို့ ပြောင် သလိုရှုတဲ့ ဉာဏ်မီးကလည်း သံယောဇဉ်အကြီးရော အငယ်ရော အလတ်ရော ပြောင်ပါလိမ့်မယ်။ ကြိုးစားလိုက်စမ်းပါ ကြိုးစားလိုက်စမ်းပါလို့ ဘုရားကလည်း အားပေး၊ သူကလည်း သတိထားရှုတော့ ဒီနေရာမှာပဲ ရဟန္တာဖြစ်သွားတယ်။

## သတိရှေ့ထားပညာကနောက်ကလိုက်

ဘယ်လောက်သတိအရေးကြီးသတုံးတဲ့ . . . (ကြီးပါတယ်) အဲ. . . သတိက ရှေ့သွားလိုက်တော့ ပညာကလည်း နောက်ကလိုက်လာတာကိုး . . . (မှန်ပါ)။

အဲဒီလို သတိကရှေ့ထား ပညာကနောက်ကလိုက်လာတော့ ဒကာ ဒကာမတို့ ဒီကိုယ်တော်ကလေးမှာ တောထဲမှာ သုံးလလောက် အားထုတ်တာ တရားမရဘူး (မှန်ပါ)၊ လမ်းကျမှ တောင်မီးလောင်လို့ တောမီး နမူနာထားပြီးတော့ ရှုလိုက်တာနဲ့၊ ခန္ဓာထဲက ကိလေသာဆိုတဲ့ တရားတွေဟာ အကုန်လောင်ကျွမ်းပြီး သကာလ ရဟန္တာဖြစ်သွားတယ်။

## လောင်ပြီဟော့ကြပ်ကြပ်ရှပေး

ဘုရားကကျောင်းတော်ကနေပြီး လောင်ပဟော့. . . မင်းကြပ်ကြပ်ရှုပေး။ မင်းရှုတဲ့ဉာဏ်ကလေးက ကိလေသာ အငယ်စားလည်း လောင်ပြီကွ. . . ကိလေသာအကြီးစားတွေ လည်း ပြောင်ပြီဟော့။ မလျှော့လိုက်နဲ့ သတိကလေးကြပ်ကြပ် ထားရှုကွလို့ဆိုပြီး ဘုရားက ကျောင်းတော်ကနေပြီး ဒီကိုယ် တော်ကလေး ကြားနိုင်အောင် ဟောတော်မူတာကိုး . . . (မှန်ပါ)။

အဲဒီကိုကြားလောက်အောင် ဟောတော့ ငါလုပ်နေတဲ့ အလုပ်ဟာ သိပ်မှန်တာပဲ၊ သတိထားတဲ့ အလုပ်ဟာ သိပ်မှန် တာပဲ။ သတိထားတာသည် မသေရာသွားတာ။ သတိလွတ်လို့ ရှိရင် သေရာသွားလိမ့်မယ်။ သတိလွတ်လို့ရှိရင် သေရာသွား လိမ့်မယ်။

## သတိနဲ့ပညာနဲ့တွဲပြီးလွှတ်လိုက်တယ်

သတိကိုပဲသူကတစ်ခါတည်း မသေရာသွားတဲ့ သဘော ကိုပဲ ကြိုးစားလိုက်ပါတော့မယ်ဆိုပြီးတော့ သတိနဲ့ ပညာနဲ့တွဲပြီး လွှတ်လိုက်တော့ အငယ်စား ကိလေသာတွေကိုလည်း သတိ ပညာက လောင်ပစ်လိုက်။ အလတ်စား ကိလေသာတွေကို

လည်း သတိပညာက လောင်ပစ်လိုက်တော့၊ အကြီးစား လောင်တယ်ဆိုကတည်းက အရဟတ္တမဂ် မရသေး ဘူးလား (ရပါတယ်) အဲဒီမှာ ဒကာ ဒကာမတို့ ရဟန္တာဖြစ် သွားတယ်ဆိုတာ ရိပ်မိပလား (ရိပ်မိပါပြီ)။

ဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေကလည်း ဘယ်ဝေဒနာပေါ်ပေါ် ဘာလုပ်ရမလဲ . . . (သတိထားရပါတယ်) သတိထားလို့ရှိရင် အပျက်မတွေ့ပေဘူးလား . . . (တွေ့ပါတယ်)။

## ဝိပဿနာဉာဏ်မဂ်ဉာဏ်ဆိုတာ

ကဲ. . . သတိထားရင် အပျက်တွေ့တယ်ဆိုကတည်း က သတိထားလို့ အပျက်တွေ့တဲ့ ဉာဏ်ဆိုတာသည်ကားလို့ဆို ရင် ဝိပဿနာဉာဏ် မဂ်ဉာဏ်ဆိုတာ အင်မတန် ထက်တဲ့ လောင်နိုင်တဲ့မီးပါပဲ (မှန်ပါ)။

ဝိပဿနာဉာဏ် မဂ်ဉာဏ်တည်းဟူသော မီးထူးမီးဆန်းကြီး ရထားတဲ့အခါကျတော့ ကိလေသာအမှိုက်သရိုက်တွေဟာ မောင်ထွန်းလှိုင်လောင်တာပဲ (လောင်ပါတယ်) ရိပ်မိပလား (ရိပ်မိပါပြီ)။

## သတိသာထားရင် နိဗ္ဗာန်သို့ရောက်မယ်

ဒါဖြင့် သတိပညာတည်းဟူသော မီးသည် ကိလေသာ အမှိုက်သရိုက်တွေကို လောင်စေနိုင်သောကြောင့်၊ ကိလေသာ ရှိမှ သေရတာကို ဒကာ ဒကာမတွေ. ကိလေသာ အမှိုက် သရိုက်တွေ လောင်လိုက်သည်ဖြစ်လေသောကြောင့် တို့ဖြင့် သတိသာထားလို့ရှိရင်ဖြင့် ဘယ်တော့မဆို မသေရာမှန် မြတ် နိဗ္ဗာန်သို့ သေသေချာချာရောက်မယ်ဆိုတာ တို့ဆုံးဖြတ်ချက် ချမယ်လို့ စိတ်ထဲမှာ ထားကြပါ . . . (မှန်ပါ) ရိပ်မိပြီလား. . (ရိပ်မိပါပြီ)။

ကိုင်း . . . ယနေ့ဒီဘွင်တော်ကြဦး။

သာဓု . . . သာဓု . . . သာဓု။